# ကြေးမုံ

The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 3 August 2025 ၁၁၈၉၈


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်-ရန်ကုန် လူစီးအမြန်ရထားဖြင့် ပြည်သူများနှင့်အတူ လိုက်ပါစီးနင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ဖော်ထုတ်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ လိုက်ပါ၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း နေပြည်တော်မှ တောင်ငူမြို့သို့ ထွက်ခွာခဲ့ကြပြီး လမ်းဘေးဝဲ/ယာတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လူနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ◯**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။


**ယနေ့ ဖတ်စရာ**

**ဘားအံမြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ချီးမြှင့်** စာမျက်နှာ » ၅

**လက်ရေးညီညီ ရေးစီကြရမည့် သမိုင်းစာမျက်နှာသစ်** ဆောင်းပါး စာမျက်နှာ » ၈

**နိုင်ငံရေးပါတီတစ်ခုအဖြစ် ရပ်တည်ခွင့်** ဆောင်းပါး စာမျက်နှာ » ၁၀

**နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ** စာမျက်နှာ » ၉

ကြေးမုံ

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံပါဝင်ထမ်းဆောင်

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသည်နှင့်အညီ ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာတည်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အသက်ဝင်ခဲ့သည့်နေ့မှစ၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် စိတ်အားထက်သန်စွာဖြင့် စာရင်းပေးသွင်းခဲ့ကြသည့်လူငယ်များ ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ တက်ရောက်ကြသည်မှာ သင်တန်းအပတ်စဉ် ၁၅ ခုရှိပြီဖြစ်သည်။ ထို့အပြင် ပြည်သူ့လုံခြုံရေးစနစ်ကိုလည်း ၂၀၂၃ ခုနှစ်မှစတင်၍ ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နှင့် ဖွဲ့စည်းထားသည့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များကို ရပ်ကွက်/ကျေးရွာ အုပ်စုအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ မြန်မာနိုင်ငံသည် နိုင်ငံ၏သမိုင်းကြောင်း နောက်ခံအခြေအနေ အကြောင်းတရားများနှင့် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေများ၊ မျက်မှောက်ကာလ၌ ဖြစ်ပေါ်နေသည့် နိုင်ငံတကာ နိုင်ငံရေး၊ စစ်ရေးအခြေအနေများ၊ ပြည်တွင်းရေးအခြေအနေများအရ မြန်မာနိုင်ငံကဲ့သို့ နိုင်ငံငယ်လေးများ၏ ကာကွယ်ရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်မှသာ တောင့်တင်းခိုင်မာမှုရှိမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ကာကွယ်ရေးစွမ်းပကားကို အင်အားတောင့်တင်းခိုင်မာအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ကာကွယ်ရေးစွမ်းပကား အင်အားတောင့်တင်းခိုင်မာမှုရှိအောင် ဆောင်ရွက်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် လမ်းခင်းပုံဖော်ပေးထားမှုများဖြစ်သည်။ ယခုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းလာသည်ကို တွေ့ရမည်ဖြစ်သည်။ ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်လာနိုင်သည်နှင့်အတူ နိုင်ငံတော်နှင့်ပြည်သူကို နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်နေသည့် အကြမ်းဖက်လုပ်ရပ်များနှင့် နိုင်ငံတော်နှင့်ပြည်သူအကျိုးကို သယ်ပိုးထမ်းဆောင်နေသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ကွဲကွဲပြားပြားသိရှိလာကြခြင်းနှင့် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာကြသည်။

တပ်မတော်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်အလေးထားဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) လုပ်ငန်းများတွင် အောင်မြင်မှုများ ရရှိလာသည်ကို တွေ့ရသည်။ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာကြသည်။ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်အချို့အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ ယခုအခါ ၁၁၈ ဦး အလင်းဝင်ရောက်လာကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အပြင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ တက်ရောက်လျက်ရှိကြသကဲ့သို့ နိုင်ငံတော်၏ လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်ကြသော ပြည်သူများအားလုံးကလည်း နိုင်ငံတော်တည်ဆောက်ရေး၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တာဝန်သိစွာဖြင့် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ပန်းဘဲတန်းမြို့နယ် ကြည်အေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကြည်အေး အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၃၁ ရက်က ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးအေးကြည်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသင်း၏စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်၊ ဘဏ္ဍာရေးရှင်းတမ်းများကို သဘောတူအတည်ပြုခဲ့ကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး အစုအပေါ် အမြတ်ငွေခွဲဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၂

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင်လှုပ်ခတ်ခဲ့သည့်အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီး အပါအဝင် မြန်မာနိုင်ငံအတွင်းလှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများသိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့်ဖြစ်စဉ်များကို မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များက လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများကို ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး အွန်လိုင်းမှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များအသုံးပြု၍ လှူဒါန်းနိုင်သည်။

ဝက်ဘ်ဆိုက်နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မြစ်ကမ်းအနီးနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဩဂုတ် ၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ၂ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား ၁၆.၃၂၉၃၂၅ ဂရမ်၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြို့ရိုးတူးဖော်ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။




○ ရှေ့ဖုံးမှ

**တောင်ငူမြို့ ကေတုမတီ မြို့ဟောင်း ရှေးဟောင်း ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းလျက်ရှိမှု**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့သို့ ရောက်ရှိကြပြီး တောင်ငူမြို့ ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာ၊ အနောက်ဘက် မြို့ရိုးနေရာရှိ မြို့ရိုးတူးဖော်ထိန်းသိမ်းထားရှိမှုနှင့် ရေကျုံးနေရာနှင့် မြို့ရိုးအပြင်ပတ်လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မင်းကြီးညို(အေဒီ ၁၄၈၅-၁၅၃၁) တည်ထောင်ခဲ့သည့် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းမြို့ရိုးနှင့် ကျုံးတူးဖော်သုတေသနပြု လုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ဟောင်းအဝင် တံတားနေရာများနှင့် တံတားပုံစံများကိုလည်း ပြန်လည်ဆန်းစစ်ဖော်ထုတ် လေ့လာသွားရန်လိုပြီး တည်ဆောက်၍ရနိုင်သည့် နေရာများတွင် တည်ဆောက်သွားရန်လိုကြောင်း၊ ပြောင်းရွှေ့ရန် လိုအပ်သည့် ဝန်ကြီးဌာန အဆောက်အအုံများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**တောင်ငူမြို့ရှောင် ရထားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တောင်ငူဘူတာသို့ ရောက်ရှိကြရာ ဘူတာရုံရှင်းလင်းဆောင်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တောင်ငူမြို့ရှောင် ရထားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရထားလမ်းအူကြောင်းနှင့် ရထားလမ်းဆိုင်ရာ အချက်အလက်များ၊ တောင်ငူဘူတာရုံ အသစ်တည်ဆောက်ရန် လျာထားဆောင်ရွက်ထားရှိမှု၊ ရထားလမ်းနှင့် ဘူတာအဝင် ကားလမ်းနယ်နိမိတ်သတ်မှတ်မှု၊ ဖို့မြေလုပ်ငန်း ဆောင်ရွက်သွားမည့် အစီအမံများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ရထားလမ်းနှင့် ဘူတာရုံအသစ်တည်ဆောက်ရာတွင် အစကောင်းမှ အနှောင်းသေချာဟူသည့် အတိုင်း ရေရှည်တည်တံ့ ကောင်းမွန်စေရေး သတ်မှတ်စံချိန်စံညွှန်းများ အတိုင်း လုပ်ငန်းစဉ်အဆင့်အလိုက် အရည်အသွေးပြည့်မီအောင် တည်ဆောက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၄ သို့ »»»





တောင်ငူမြို့ ကေတုမတီ မြို့ဟောင်း တူးဖော်မှု လုပ်ငန်းများ ဆောင်ရွက် ထားမှုကို တွေ့ရစဉ်။






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက တောင်ငူဘူတာရုံအသစ်တည်ဆောက်ရန် လျာထားဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

»»» စာမျက်နှာ ၃ မှ

**နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားခရီးစဉ်အတိုင်း ခရီးသွားပြည်သူများနှင့်အတူ လိုက်ပါစီးနင်း**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် နေပြည်တော်မှ ထွက်ခွာလာသည့် နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများနှင့်အတူ တောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးအထိ ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါစီးနင်းသည်။

ထိုသို့ လိုက်ပါစီးနင်းစဉ် ရထားလမ်းပိုင်းကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရထားတွဲဆိုင်းများ အတွင်း ခရီးသွားများ လိုက်ပါစီးနင်းလျက်ရှိမှုအခြေအနေများ၊ ရထားဖြင့် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ ရထားစီးနင်းရာတွင် စိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေး မြန်မာ့မီးရထားမှ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးထားမှု အခြေအနေများနှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မည့် အခြေအနေများ၊ ရထားလမ်းဘေး ဝဲ/ယာရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မြို့ပြနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ရထားလမ်းများ ကြံ့ခိုင်မှုရှိစေရေး နှင့် စနစ်တကျဖြစ်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းဘေး

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်-ရန်ကုန် အမှတ်(၈)အစုန် DEMU လူစီးအမြန်ရထားဖြင့် ခရီးသွားပြည်သူများနှင့်အတူ တောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးအထိ လိုက်ပါစီးနင်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရထားခရီးစဉ်တွင် အတူစီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

- ❖ ရထားလမ်းများ ကြံ့ခိုင်မှုရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လို
- ❖ ရထားလမ်းဘေး ဝဲ/ယာတစ်လျှောက် သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်
- ❖ ရထားလမ်းဘေးရှိ လယ်ယာမြေများကို စနစ်ကျနသည့် လယ်ယာမြေများအဖြစ် ဖော်ထုတ်ဆောင်ရွက်သွားရန်လို
- ❖ ဘူတာယာဒ်ဝင်းနှင့် ဘူတာရုံများ စနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းသာယာမှုများ ရှိစေရေး ဆောင်ရွက်

☆ စာမျက်နှာ ၄ မှ
ဝဲ/ယာတစ်လျှောက် သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းဘေးရှိ လယ်ယာမြေများကို စနစ်ကျနသည့်လယ်ယာမြေများအဖြစ် ဖော်ထုတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘူတာယာဒ်ဝင်းနှင့် ဘူတာရုံများ စနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းသာယာမှုများရှိစေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ရထားလမ်းနယ်များ အတွင်း စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေသည့် သစ်တောငယ်များကို စိုက်ပျိုးသွားရန်လိုကြောင်း၊ မီးရထားဖြင့် သွားလာလျက်ရှိသည့် မီးရထားစီးပြည်သူများ စိတ်လက်ချမ်းသာစွာဖြင့် စီးနင်းလိုက်ပါနိုင်ရေးနှင့် ပြည်တွင်းပြည်ပ ခရီးသွားများအား ဆွဲဆောင်မှုရှိစေရေး၊ Public Transportation ဖြစ်သည့် ရထားပို့ဆောင်ရေးအပေါ် ပြည်သူများအားထားမှု ပိုမိုမြင့်တက်လာစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရထားခရီးစဉ်တွင် အတူစီးနင်းလိုက်ပါလာသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် ရန်ကုန်ဘူတာကြီးသို့ရောက်ရှိကြပြီး မီးရထားဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အဆိုပါ DEMU လူစီးအမြန်ရထားတွဲအသစ်များကို ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်းတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန်ရထားများ စတင်ပြေးဆွဲခဲ့ပြီး ပြေးဆွဲချိန် ၅ နာရီခွဲခန့်ကြာမြင့်ကြောင်း၊ ထိုသို့ DEMU လူစီးအမြန်ရထားတွဲအသစ်များ ပြေးဆွဲနိုင်ခဲ့သဖြင့် ရထားလမ်းပိုင်း တစ်လျှောက် မိမိတို့သွားလိုရာခရီးသို့ အချိန်တို ခရီးသွားပြည်သူများ အနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် စီးနင်း အတွင်း စိတ်အေးချမ်းသာစွာ၊ သွားလာလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ခရီးသွားပြည်သူများနှင့်အတူ တောင်ငူဘူတာမှ ရန်ကုန်ဘူတာကြီးအထိ လိုက်ပါစီးနင်းစဉ်။

# ဘားအံမြို့၌ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ချီးမြှင့်

**ဘားအံ ဩဂုတ် ၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဘားအံခရိုင်အတွင်းသို့ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်ပွဲသို့ တက်ရောက်၍ ဘားအံခရိုင်အတွင်း ယာယီနေရပ်စွန့်ခွာသူ အိမ်ထောင်စု ၉၅၉၀၊ လူဦးရေ ၄၀၂၈၄ ဦးအတွက် ၂၀၂၅ ခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလအတွက် တစ်ဦးလျှင် တစ်လငွေကျပ်နှစ်သောင်းနှုန်းဖြင့် သုံးလစာ ထောက်ပံ့ငွေကျပ် ၂၄၁၇၀၄၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

အလားတူ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ ဘားအံမြို့ အမှတ်(၁၀) မူလတန်းလွန်ကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ ဘားအံမြို့ အမှတ်(၇)မူလတန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ ဘားအံမြို့ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၁)ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ ယာယီရေဘေးကယ်ဆယ်ရေးစခန်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ယာယီရေဘေးကယ်ဆယ်ရေးစခန်းနှင့် အမှတ်(၅)ရပ်ကွက် Cyclone Shelter ရှိရေဘေးရှောင်အိမ်ထောင်စုများအား သွားရောက်တွေ့ဆုံအားပေးပြီး ဆန်ရိက္ခာဖိုးငွေနှင့် ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ အဆိုပါရေဘေးစခန်းများတွင် စေတနာရှင် အလှူရှင်များ လာရောက်လှူဒါန်းကြသည့် စားသောက်ဖွယ်ရာများကို ရေဘေးသင့်ပြည်သူများထံ ဝေငှပေးသည်။



ထို့နောက် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတအား ဖူးမြော်ကြည်ညို၍ အဆိုပါကျောင်းတိုက် ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိအိမ်ထောင်စုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ယနေ့အထိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ထားရှိမှုအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာနှင့် ခေါက်ဆွဲခြောက်ဖိုးငွေကျပ် ၇၄၁၅၃၂၅၀ နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၉၉ ဒသမ ၃၉ သန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ထားရှိပြီး ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မဲခေါင်-လန်ချန်းအကူအညီဖြင့်ဆောင်ရွက်မည့် အသိပညာပေးစင်တာနှင့် သိုလှောင်ရုံတည်ဆောက်မည့် မြေနေရာကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ထားရှိသည့် လူငယ်စင်တာကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရိပ်သာ အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဘားအံမြို့ ရေကြီးရေလျှံမှု လျော့ပါးရေးအတွက် ဘားအံ-ကော့ထော်ရွာသစ် ရေဘေးကာကွယ်ရေးတမံ တည်ဆောက်ရေး၊ သံလွင်မြစ်အတွင်း သောင်တူးဖော်ခြင်းလုပ်ငန်းနှင့် ကော့လှိုက်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြဝတီမြို့နယ်၌ ပြည်ဝင်ခရီးသွားစစ်တမ်းများကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်

**မြဝတီ ဩဂုတ် ၂**

ကရင်ပြည်နယ် မြဝတီမြို့နယ် ထိုင်း-မြန်မာ ချစ်ကြည်ရေး အမှတ်(၁)တံတား၌ ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ နိုင်ငံတကာခရီးသွားဧည့်သည်များ၏ ဝိသေသလက္ခဏာရပ်များကို သရုပ်ဖော်ရန်၊ ခရီးစဉ်ဒေသများသို့ လာရောက်ရခြင်း ရည်ရွယ်ချက်များ၊ ခရီးသွားလာမှုအနေအထား၊ နေထိုင်မှုကာလနှင့် အသုံးစရိတ်ဝန်ဆောင်မှုများအပေါ် စိတ်ကျေနပ်မှုအနေအထားများကို သိရှိနိုင်စေရန်အတွက် ပြည်ဝင်ခရီးသွား စစ်တမ်း (Inbound Tourism Survey)များ ကောက်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ လူဝင်မှုကြီးကြပ်ရေးဒုတိယဌာနခွဲ(မြဝတီ) လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောကြည်ကြည်၊ လူဝင်မှုကြီးကြပ်ရေးမှူး (မြဝတီ) ဦးအောင်ရဲသူ၊ မြဝတီမြို့နယ် အကောက်ခွန်ဦးစီးဌာန ဦးစီးအရာရှိ ဦးညီမင်းသူ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူး ဦးထွန်းထွန်းနိုင်နှင့် ရဲအုပ်ဦးနိုင်ထွန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့က အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်ရှိသည့် မြဝတီမြို့တွင် ပြည်ဝင်ခရီးသွားဧည့်သည်များ၏ အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းနှင့် ဟိုတယ်များတွင် တည်းခိုသော ပြည်ဝင်ခရီးသွားများထံမှ QR Code ဖြင့် Online Survey ကောက်ယူခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီတည်ငြိမ်တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်

## တပ်မတော်သားများအားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုများ၏ သက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားရန်၊ သစ်တော သယံဇာတများ တရားမဝင် ထုတ်ယူမှုမရှိစေရေး စနစ်တကျ ကြီးကြပ် ဆောင်ရွက်သွားရန်၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျ ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ တပ်နယ်မှအရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံအမှာစကား ပြောကြားရာတွင် တပ်/ဌာနချုပ်များအနေဖြင့် အချိန်အခါအလိုက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားများသည် မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ကြခြင်း ဖြစ်ကြောင်း၊ တပ်မတော်သားများ




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်စဉ်။

ဖြစ်သည်နှင့်အညီ တပ်မတော်မှ ပေးအပ်သည့် တာဝန်များကို စဉ်ဆက်မပြတ် ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ နိုင်ငံ၏လွတ်လပ်ရေး ရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ၏ အချုပ်အခြာအာဏာ ထိခိုက်လာမှုအပေါ် တပ်မတော်မှ ကျားကုပ်ကျားခဲ ကြိုးပမ်းကာကွယ်ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အလေးထား ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေး ရရှိခါစက ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီးနောက် ဆိုရှယ်လစ်စနစ် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ပြီး စီးပွားရေးလုပ်ငန်းများတွင်လည်း ပုဂ္ဂလိကပိုင်းဆိုင်ရာများတွင် ကန့်သတ်မှုများပြုလုပ်ခဲ့ခြင်းကြောင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများတွင်လည်း ညီညွတ်မှုများ ပျက်ပြားလာခဲ့ကြောင်း၊ ပြည်ပနိုင်ငံများက အားပေးကူညီ လုပ်ဆောင်ခဲ့သည့် မှောင်ခိုစီးပွားရေးများကြောင့်လည်း ပြည်တွင်းစီးပွားရေးကို ထိခိုက်ကျဆင်းစေခဲ့ပြီး တိုင်းပြည်၏သယံဇာတများကိုလည်း ပြည်ပသို့ တရားမဝင်နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲမှုများ များပြားကြောင်း၊ အလားတူ ရာသီဥတု ဖောက်ပြန်မှုများကြောင့်လည်း စားရေရိက္ခာများ ရှားပါးမှုပြဿနာများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်မှစတင်၍ နိုင်ငံအတွင်း အခက်အခဲအကျပ်အတည်းများ ဖြစ်ပေါ်လာခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော် တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း။

ထို့နောက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ရေးဆွဲ၍ ပြည်သူ့ဆန္ဒခံယူပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းစေခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စီးပွားရေးနှင့် ပတ်သက်၍ ပြည်သူလူထုနှင့် တိုင်းပြည်ကို အကျိုးပြုသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ရန် လိုကြောင်း၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများပြည်သူအတွက် အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများ နည်းပါးစေရေး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ အားလုံးတစ်ပြေးညီ ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့များအားလုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး ၂၀၁၀ ပြည့်နှစ် ပထမ ဒီမိုကရေစီအစိုးရသက်တမ်းတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ သို့သော် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ပြင်ပမှသွေးထိုးပေးမှုများကြောင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်း မရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**စာမျက်နှာ ၇ သို့ ***

❃ စာမျက်နှာ ၆ မှ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးစဉ်။

၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်မှ နိုင်ငံ့တာဝန်ယူခဲ့သည့်အချိန်တွင် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်မှုများရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပညာရေးပိုင်းဆိုင်ရာ အားနည်းချက်များရှိခြင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါများကြွယ်ဝပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသူများ၏ သွေးထိုးလှုံ့ဆော်ခြင်းများကြောင့် နိုင်ငံတော်၌ ပညာရေးအားနည်းမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ပညာရည်မြင့်မားရေးနှင့် ပတ်သက်၍ အတန်းပညာရှိမှသာ အတတ်ပညာများ ပိုမိုတတ်မြောက်လာမည်ဖြစ်ပြီး မိမိတို့ဘဝ တိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ သားသမီးများ ပညာတတ်လူငယ်များဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ အလားတူကျောင်းသားကျောင်းသူများ သက်ဆိုင်ရာအတန်းအလိုက် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှု မရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပြီး တွေးခေါ်မြော်မြင်မှု မြင့်မားသည့် ပညာတတ်လူငယ်များ ပိုမိုများပြားလာပါက နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း။

ဒီမိုကရေစီ ဒုတိယအစိုးရ NLD အစိုးရ သက်တမ်းကာလတွင် တပ်မတော်ကို မုန်းတီးစေသည့် ရေးသားပြောဆိုမှုများ လှုံ့ဆော်မှုများကို တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်၍ လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန် ဆောင်ရွက်မှုများ အောင်မြင်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် နိုင်ငံတော်မှာ အဘက်ဘက်က ဆုတ်ယုတ်ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ လုပ်ဆောင်ပြီး ၎င်းတို့ပါတီအာဏာရရှိရေး ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါ မဲမသမာမှုအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် မိမိတို့အနေဖြင့် အကြိမ်ကြိမ် အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးမှု မရှိသည့်အတွက် တပ်မတော် အနေဖြင့် နိုင်ငံတော်တာဝန်များကို တာဝန်ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေး၊ တိုင်းရင်းသားရေး၊ စီးပွားရေးတို့တွင် တစ်ပြေးညီတည်ငြိမ်တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများ ဆက်ဆံရေး၊ နိုင်ငံတကာ ဆက်ဆံရေးများကိုလည်း တည်ငြိမ်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တပ်မတော်သားများ အားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများကို သိရှိအောင် လေ့လာပြီး မှန်မှန်ကန်ကန်ဖြင့် သုံးသပ်ဆောင်ရွက်၍ နိုင်ငံ ကောင်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တပ်မတော်သားများ အနေဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သည့် တပ်များဖြစ်အောင် ပီပီပြင်ပြင်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

သက်သာ ချောင်ချိရေးနှင့် ပတ်သက်၍ တပ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆက်လက်ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည် မိသားစုများ၏ သက်သာချောင်ချိရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တပ်ပိုင်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးများနှင့် ဥများကို ပြင်ပသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချနိုင်ခြင်းကြောင့် ဈေးကွက်တည်ငြိမ်မှုကို တတ်နိုင်သမျှ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း၊ တပ်မတော်သားများ အားလုံး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော် ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✧ **မိမိတို့၏သားသမီးများ ပညာတတ်လူငယ်များဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လို**

✧ **အလားတူ ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာအတန်းအလိုက် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လို**

✧ **နိုင်ငံအတွင်းပညာတတ်များ ပေါကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုမြင့်မားသည့် ပညာတတ်လူငယ်များ ပိုမိုများပြားလာပါက နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်**

# လက်ရေးညီညီ ရေးစီကြရမည့် သမိုင်းစာမျက်နှာသစ်

**သာထူး**

ရွှေပဒေသာ၊ ငွေပဒေသာ မြေမှာပေါက်စေသောဝ် တဲ့။ ရေးလူကြီးတွေ မျှော်မှန်းတောင့်တခဲ့ကြတဲ့အရာပါ။ သူ့ခေတ်နဲ့သူ့အခါ တိုင်းပြည်စည်ပင်သာယာဝပြောရေး၊ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်ရေးကို ဆိုလိုခြင်းဖြစ်ပြီး လက်တွေ့အားဖြင့်လည်း "မုဆိုးမတောင် ဘုရားတည်နိုင်တယ်" ဆိုတဲ့ ခေတ်ကြီးတစ်ခေတ် ရှိခဲ့တာဖြစ်ပါတယ်။ အခုချိန်ထိ မျက်မြင်အထောက်အထားတွေကလည်း ငြင်းမရအောင်ထင်ထင်ရှားရှားရှိနေဆဲပါ။ နှစ်ပေါင်းထောင်ချီ ကြာမြင့်လာတဲ့အထိ နိုင်ငံသူ နိုင်ငံသားတွေ ဂုဏ်ယူဝင့်ကြွားနိုင်ရလောက်အောင် ပထမမြန်မာနိုင်ငံတော်ကြီးကို ထည်ထည်ဝါဝါ၊ ဂုဏ်ဒြပ်မြင့်မြင့်မားမား တည်ဆောက်နိုင်ခဲ့ကြတာဟာ အခြေခံအားဖြင့် စီးပွားရေးကောင်းမွန်ခဲ့ကြလို့၊ ပညာရည်မြင့်မားခဲ့ကြလို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပေါ်မှာတည်ရှိတဲ့ ပုဂံနေပြည်တော်ကို ဗဟိုပြုပြီး တည်ထောင်ခဲ့တဲ့ ပထမမြန်မာနိုင်ငံတော်ကြီးဟာ သူ့ခေတ်သူ့အခါမှာ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်ခဲ့ပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ဒေသမှာ တည်ထားတဲ့ ပုဂံမြို့တော်ရဲ့ ရေပေးရေးစနစ်မှာ ပုဂံသားတွေရဲ့ တီထွင်ဖန်တီးနိုင်စွမ်းအားကို တွေ့နိုင်ပြီး ကျောထောက်နောက်ခံနယ်မြေတွေမှာ ဆည်မြောင်းတွေ တည်ဆောက်တာ၊ ကန်တွေ ဆယ်ဖို့တာကို ဘုရင်မင်းမြတ်တွေကိုယ်တိုင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားမြင့်မားဖို့ မင်းနဲ့ပြည်သူ အတူတကွ ကြိုးပမ်းအားထုတ်အလုပ်လုပ်ခဲ့ကြတာပဲဖြစ်ပါတယ်။ ကုန်ထုတ်စွမ်းအားမြင့်မားတာနဲ့ အမျှ ကုန်သွယ်စီးပွားကလည်း ဖွံ့ဖြိုးခဲ့ပါတယ်။ ဧရာဝတီမြစ်ကြီးဟာ ပင်လယ်ထွက်ပေါက်ရေလမ်းကြောင်းကြီးဖြစ်ပြီး ပုသိမ်ကတစ်ဆင့် နိုင်ငံတကာကို သွားလာနိုင်ပါတယ်။ ဒ့ါအပြင် ရှေးခေတ်တရုတ်ပိုးလမ်းမကြီးရဲ့ လမ်းခွဲတစ်ခုဟာ မြန်မာနိုင်ငံကို ဖြတ်သန်းသွားတာမို့ မြန်မာနိုင်ငံရဲ့အကျိုးစီးပွားကိုပါ ဖြစ်ထွန်းစေခဲ့တယ်လို့လည်း ယုံကြည်ရပါတယ်။ နိုင်ငံတော်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားမြင့်မားမှုကြောင့် လူတိုင်းစီးပွားရေးကောင်းမွန်ကြတဲ့အခါ ပညာရေးအားဖြင့်လည်း သာမန်အရပ်သူ အရပ်သားများသည်ပင်လျှင် မြင့်မြင့်မားမား တတ်မြောက်ခဲ့ကြတယ်လို့ ဆိုပါတယ်။ အမျိုးသမီးတွေ ရေတွင်းမှာ ရေအတူခပ်ရင်း အဘိဓမ္မာအကြောင်းအရာ ပြောကြတဲ့အကြောင်းတွေ၊ နန်းတွင်းမှာ ရဟန်းတော်တွေကို ကန့်လန့်ကာနောက်ကနေပြီး စာဝါပို့ချတဲ့ သံဗျင်မင်းသမီးရဲ့အကြောင်း စတာတွေဟာ ပထမမြန်မာနိုင်ငံတော်ကာလ အမျိုးသားပညာရည် မြင့်မားမှုအကြောင်းကို ပြောပြနေခြင်းပဲဖြစ်ပါတယ်။

**ခေါင်းမော့ရင်ကော့ချင်ကြ**

အစကို ပြန်ကောက်ပြီးပြောရရင်တော့ ပဒေသာပင်မြေမှာပေါက်တဲ့ခေတ်ကို လူတိုင်းလိုချင်ကြပါတယ်။ ကမ္ဘာ့နိုင်ငံတွေနဲ့ ရင်ပေါင်တန်းတဲ့အခါ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံသား၊ စည်ပင်သာယာဝပြောတဲ့ နိုင်ငံသားအဖြစ် ခေါင်းမော့ရင်ကော့ချင်ကြတာပဲဖြစ်ပါတယ်။ ဒါပေမဲ့ ကမ္ဘာမှာ တချို့နိုင်ငံတွေက အလွန်ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တချို့ကတော့ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနောက်ကျကြပါတယ်။ တချို့ကတော့လည်း တစ်ဆင့်ပြီးတစ်ဆင့် မှန်မှန်ဖွံ့ဖြိုးတိုးတက်နေကြတာဖြစ်ပါတယ်။ နိုင်ငံတွေ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုချင်း မတူညီကြတာဟာ လူမျိုးအရ အရည်အသွေးကွာခြားမှုကြောင့်၊ တချို့သော လူမျိုးတွေ ညံ့တာကြောင့်လို့ ယူဆကြတာရှိပြီး အဲဒီအယူအဆကို လူမျိုးအရ နိမ့်ကျမှုအယူအဆလို့ ခေါ်ကြပါတယ်။ ဆိုလိုတာက ကမ္ဘာပေါ်မှာ လူမျိုးတစ်မျိုးနဲ့တစ်မျိုး ကာယ၊ ဉာဏ၊ ဓနု ၊ လုံ့လ၊ ဝီရိယ စတဲ့အစွမ်းအစ အရည်အချင်းတွေ မတူညီကြဘူး။ တချို့က အစွမ်းအစအရည်အချင်းမြင့်မားပြီး တချို့က နိမ့်ကျကြတယ်။ ဒါကြောင့် နိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်မှုတွေ မတူညီဘဲ ကွာခြားခဲ့ကြတာဖြစ်ပါတယ်လို့ ဆိုပါတယ်။

ဒ့ါအပြင် လူမျိုးအရ နိမ့်ကျတယ်လို့ ဆိုရာမှာလည်း နှစ်မျိုးရှိပြီးတော့ တစ်မျိုးက ဇီဇအရ နိမ့်ကျခြင်းဖြစ်ပြီး နောက်တစ်မျိုးက ပတ်ဝန်းကျင်ကြောင့် နိမ့်ကျရတာဖြစ်တယ်လို့ ဆိုပါတယ်။ သူတို့ရဲ့အယူအဆအရ လူတွေရဲ့အရည်အချင်း၊ အရည်အသွေး ကွာခြားရခြင်းဟာ မိမိတို့နေထိုင်ရာဒေသရဲ့ ပတ်ဝန်းကျင်အခြေအနေတွေ၊ ယဉ်ကျေးမှုအစဉ်အလာတွေ၊ ကျန်းမာရေး၊ ပညာရေးနဲ့ အာဟာရဓာတ်စားသုံးမှု အခြေအနေတွေ၊ ဦးစီးဦးဆောင်သူတို့ရဲ့ အရည်အချင်း၊ အရည်အသွေးတွေစတဲ့ အခြေအနေအရပ်ရပ်ပေါ်မှာ မူတည်တယ်လို့ဆိုပါတယ်။ မှတ်သားစရာကောင်းတာက လူတွေဟာ ယုံကြည်ချက်၊ မျှော်လင့်ချက်နဲ့ ဖိအားပေးမှု (Conviction, expectation, pressure) တွေမရှိဘဲနဲ့ မိမိတို့ရဲ့ အစွမ်းအစတွေကို အစွမ်းကုန်အသုံးချလေ့မရှိဘူး ဆိုတာပါ။

> ❝ယဉ်ကျေးမှုမြင့်မားပါတယ်ဆိုတဲ့ မျက်မှောက်ကမ္ဘာကြီးမှာ အမှန်တကယ် ရှင်သန်ထွန်းကားနေတာက အင်အားသည်သာ အခရာဆိုတဲ့ တောနက်ကြီးဥပဒေ (Jungle Law) ပါ။ အင်အားအကြီးမားဆုံးနိုင်ငံဟာ ကမ္ဘာ့အရေးအရာကို လိုသလိုပုံဖော်ခြယ်လှယ်နိုင်ပြီး အင်အားရှိတဲ့နိုင်ငံကိုပဲ အလေးဂရုပြုကြတာဖြစ်ပါတယ်။ တောနက်ကြီးထဲက သားရိုင်းတိရစ္ဆာန်တွေလို အင်အားအနည်းဆုံးသတ္တဝါက အစားခံရုံသက်သက်ပဲဖြစ်ပြီး အင်အားနည်းပေမယ့် အဆိပ်ပြင်းရင်တော့ ရှောင်သွားတတ်ကြတာမျိုး နိုင်ငံတကာဆက်ဆံရေးမှာလည်း တွေ့ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအလယ်မှာ မြန်မာဟေ့လို့ ခေါင်းမော့ရင်ကော့နိုင်အောင် နိုင်ငံသူ နိုင်ငံသားတွေရဲ့ အင်အားနဲ့နိုင်ငံကို ခိုင်ခိုင်မာမာ ခံ့ခံ့ညားညား တည်ဆောက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတို့ရဲ့ စွမ်းပကားနဲ့ပဲ လှောင်ပြောင်မှုတွေ၊ နှိမ့်ချမှုတွေ၊ ကန့်သတ်မှုတွေ၊ ဖယ်ကြဉ်မှုတွေ၊ အနိုင်ကျင့်မှုတွေ၊ ဖိအားပေးမှုတွေကို ဖယ်ရှားပစ်ကြရမှာပဲဖြစ်❞

ဒီကနေ့ ကျွန်တော်တို့ရဲ့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာမှာ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ လူညံ့လူဖျင်းတွေလားလို့မေးရင် ဇီဇအရရော ပတ်ဝန်းကျင်အရပါ လုံးဝမဟုတ်ပါဘူးလို့ ငြင်းဆိုရပါလိမ့်မယ်။ ဒီဆောင်းပါးအစမှာ ဆိုခဲ့တဲ့အတိုင်း ပထမမြန်မာနိုင်ငံတော်ကြီးကို ကြီးကျယ်ခမ်းနားစွာ တည်ဆောက်အကောင်အထည်ဖော်ခဲ့ကြရာမှာ မြန်မာတွေအားလုံး (ဗမာလူမျိုးများသာမက တိုင်းရင်းသားများပါ) စည်းလုံးညီညွတ်စွာနဲ့ သူ့တာကိုယ့်တာ ကျေပွန်စွာ အလုပ်လုပ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ၁၉ ရာစုမှာ တိုင်းတစ်ပါးကျူးကျော်သူ နယ်ချဲ့လက်အောက် ကျရောက်ခဲ့ကြပြီး လွတ်လပ်ရေးရပြီးကာလ ၂၀ ရာစုနဲ့ လက်ရှိ ၂၁ ရာစုတစ်လျှောက်မှာလည်း နိုင်ငံကို ကောင်းစွာတည်ဆောက်မှု မပြုနိုင်ခဲ့သေးပါဘူး။ ကမ္ဘာနဲ့ တူတူတန်တန် ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံသူ နိုင်ငံသားတွေ ဖြစ်ဖို့၊ ကိုယ့်ခေတ်မှာ မညံ့ကြဖို့ ကျွန်တော်တို့ ကြိုးပမ်းအားထုတ် အလုပ်လုပ်ကြရမှာဖြစ်ပြီး ဉာဏ်ပညာမြင့်မြင့်မားမားနဲ့ အလုပ်လုပ်နိုင်ကြဖို့အတွက် လူတိုင်းပညာရည် မြင့်မားကြဖို့လိုပါတယ်။ တစ်ပြိုင်တည်းမှာပဲ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာလှပစေဖို့ သဘာဝပတ်ဝန်းကျင်အခြေအနေ ကောင်းမွန်စေရမှာလည်း ဖြစ်ပါတယ်။

**စိတ်ဓာတ်အင်အား**

ပစ္စက္ခကာလမှာ ကျွန်တော်တို့ဟာ သမိုင်းစာမျက်နှာသစ်တစ်ခုကို ရေးထိုးနေကြပြီဖြစ်ပါတယ်။ မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်နေတဲ့ ကမ္ဘာ့နိုင်ငံတွေဟာ ဒီကနေ့ကျွန်တော်တို့နိုင်ငံ ကြုံတွေ့နေရတဲ့ အခြေအနေမျိုးတွေကို ရင်ဆိုင်ကျော်လွှားပြီးမှ အောင်မြင်မှုရယူနိုင်ခဲ့ကြတာကိုလည်း သတိချပ်ကြဖို့လိုပါတယ်။ နိုင်ငံနဲ့ လူမျိုးကို တိုးတက်မြင့်မားအောင် ပို့ဆောင်နိုင်တဲ့ ပထမဦးဆုံးသောအင်အားဟာ စိတ်ဓာတ်အင်အားပဲဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကြီးပွားဖွံ့ဖြိုးတိုးတက်ရမယ်ဆိုတဲ့ စိတ်ဓာတ်ခွန်အားဟာ ခေါင်းဆောင်မှုပြုသူနဲ့အတူ ပြည်သူလူထုတစ်ရပ်လုံးမှာ ပြင်းပြင်းပြပြဖြစ်တည်လာတဲ့အခါ တစ်နည်းအားဖြင့် စိတ္တာဓိပတိ ဖြစ်လာတဲ့အခါ စက်ယန္တရားတစ်ခုလည်ပတ်မှုစတင်ဖို့ အစပျိုးတဲ့စွမ်းအင်လို အလုပ်လုပ်လာပါတယ်။

ဖိအားအမျိုးမျိုးအောက် ကျရောက်နေရတဲ့ ဘဝ ရှည်ကြာလာတဲ့အခါ လွတ်မြောက်လိုတဲ့ ဆန္ဒနဲ့ ရုန်းကြွလာတဲ့စွမ်းအင်ဟာ Need achievement (N'ach) ဆိုတဲ့ ထမြောက်လိုအင်ပါ။ ဒီကနေ့ ကမ္ဘာမှာ မြန်မာဆိုရင် မသိကြတာ၊ လှောင်ပြောင်ရယ်မောကြတာ၊ နှိမ့်ချဆက်ဆံကြတာ၊ ပြည်ဝင်ခွင့်မပေးတာ၊ အလုပ်အကိုင်တွေမှာ ကန့်သတ်ခံရတာ၊ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာလည်း ဖယ်ကြဉ်ကြတာ၊ အုပ်စုဖွဲ့ ဖိအားမျိုးစုံပေးပြီး အနိုင်ကျင့်တာ စတာတွေဟာ မြန်မာလူမျိုးတွေအဖို့ နာကြည်းစရာ၊ တမြည့်မြည့်နဲ့ ခံရခက်စရာတွေပါ။

**နိုင်ငံကို ခိုင်ခိုင်မာမာ ခံ့ခံ့ညားညား တည်ဆောက်**

တကယ်တော့ ယဉ်ကျေးမှုမြင့်မားပါတယ်ဆိုတဲ့ မျက်မှောက်ကမ္ဘာကြီးမှာ အမှန်တကယ် ရှင်သန်ထွန်းကားနေတာက အင်အားသည်သာ အခရာဆိုတဲ့ တောနက်ကြီးဥပဒေ (Jungle Law) ပါ။ အင်အားအကြီးမားဆုံးနိုင်ငံဟာ ကမ္ဘာ့အရေးအရာကို လိုသလို ပုံဖော်ခြယ်လှယ်နိုင်ပြီး အင်အားရှိတဲ့နိုင်ငံကိုပဲ အလေးဂရုပြုကြတာဖြစ်ပါတယ်။ တောနက်ကြီးထဲက သားရိုင်းတိရစ္ဆာန်တွေလို အင်အားအနည်းဆုံးသတ္တဝါက အစားခံရုံသက်သက်ပဲဖြစ်ပြီး အင်အားနည်းပေမယ့် အဆိပ်ပြင်းရင်တော့ ရှောင်သွားတတ်ကြတာမျိုး နိုင်ငံတကာ ဆက်ဆံရေးမှာလည်း တွေ့ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအလယ်မှာ မြန်မာဟေ့လို့ ခေါင်းမော့ရင်ကော့နိုင်အောင် နိုင်ငံသူ နိုင်ငံသားတွေရဲ့ အင်အားနဲ့ နိုင်ငံကို ခိုင်ခိုင်မာမာ ခံ့ခံ့ညားညား တည်ဆောက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတို့ရဲ့ စွမ်းပကားနဲ့ပဲ လှောင်ပြောင်မှုတွေ၊ နှိမ့်ချမှုတွေ၊ ကန့်သတ်မှုတွေ၊ ဖယ်ကြဉ်မှုတွေ၊ အနိုင်ကျင့်မှုတွေ၊ ဖိအားပေးမှုတွေကို ဖယ်ရှားပစ်ကြရမှာပဲ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ အဓိကအင်အားသုံးရပ်ဖြစ်တဲ့ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားတို့ကို စာမျက်နှာ ၉ သို့ ✶

> ❝နိုင်ငံတော်ဖွံ့ဖြိုးဖို့ အလုပ်လုပ်ကြရာမှာ ယခင်ကလူကြီးတွေပြောခဲ့သလို ဖိုးသုည၊ မယ်သုညတွေနဲ့ တိုင်းပြည်တည်ဆောက်လို့ မရနိုင်ပါဘူး။ တန်ဖိုးမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်ကသာ နိုင်ငံကိုမြင့်မားအောင် တည်ဆောက်နိုင်မှာဖြစ်လို့ လူတိုင်းပညာတတ်ဖို့၊ အမျိုးသားပညာရည်မြင့်မားဖို့လိုပါတယ်။ ဉာဏ်ပညာနဲ့ လုံ့လ၊ ဝီရိယတို့ကသာ နိုင်ငံကို ဂုဏ်သိက္ခာမြင့်မားအောင် တည်ဆောက်ကြရာမှာ အဓိကဦးဆောင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးကြဖို့လိုအပ်ပါတယ်။ ပညာရေးကို နှောင့်ယှက်သူ၊ ပညာရေးကို ဟန့်တားသူ၊ ပညာရေးကို ဖျက်ဆီးသူတွေကိုလည်း ဖယ်ရှားရှင်းလင်းသွားကြရမှာဖြစ်❞

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ



နေပြည်တော် ဩဂုတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစတင်ကာ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၄ ကျောင်း၌ ကျောင်းသား ကျောင်းသူ ၃၉၀ ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၉၅၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် အဆိုပါကျောင်းများ၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ စုပေါင်းသွေးလှူဒါန်း




ရန်ကုန် ဩဂုတ် ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)၏ သတ္တမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ရုံး၌ ကျင်းပသည်။

စုပေါင်း သွေးလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ အမျိုးသား သွေးဘဏ်မှ တာဝန်ခံ ဆရာဝန်များ၊ကျန်းမာရေးဝန်ထမ်းများနှင့် သွေးအလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် သွေးအလှူရှင်ပြည်သူများအား အမျိုးသားသွေးဘဏ်မှ တာဝန်ခံ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစားခွဲပေးခြင်း၊ ကျန်းမာရေးဆိုင်ရာများ စစ်ဆေးပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးကြသည်။

ယင်းနောက် သွေးအလှူရှင်များ သွေးလှူဒါန်းနေမှုကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့်အဖွဲ့က ကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများက သွေးအလှူရှင်များအား အာဟာရပြည့် အစားအစာများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

☆ ကျောဖုံးမှ

ထို့နောက် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား လိုက်လံကြည့်ရှု၍ ဆေးဝါးကုသထားရှိမှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားသည်။

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုသရေးဦးစီးဌာန နယ်မြေခံတပ်နယ်/တပ်ရင်းများ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင်များ ပူးပေါင်း၍ ပြည်သူ့ဆေးရုံအရေးပေါ်ဌာနနှင့် လူနာကုသဆောင်များ ပြုပြင်ခြင်း၊ ရွှေ့လျားခွဲစိတ်ခန်းတပ်ဆင်ပေးခြင်း၊ ရွှေ့လျားဓာတ်မှန်စက်နှင့် အာထရာဆောင်းစက်များ တပ်ဆင်ပေးခြင်းနှင့် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစ၍ လူနာများအား လက်ခံကုသ ပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါပြည်သူ့ဆေးရုံအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်နေသည့် ကာလအတွင်းတွင်လည်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်းပြီး မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၁၆၉၅ ဦးအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး အသက် ၅ နှစ်အောက်ကလေး ၁၇၅ ဦးအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပေါင်းတည်၌ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်နှင့် မီးဖွားမှုဆိုင်ရာအကျိုးခံစားခွင့်များ ထုတ်ပေး



ပေါင်းတည် ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် လူမှုဖူလုံရေးရုံးမှအလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်နှင့် မီးဖွားမှုဆိုင်ရာ အကျိုးခံစားခွင့်ထုတ်ပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ပေါင်းတည်မြို့နယ် လူမှုဖူလုံရေးရုံး၌ ထုတ်ပေးသည်။

ယင်းသို့ ထုတ်ပေးရာတွင် သဲကုန်းမြို့နယ် လျှပ်စစ်ရုံးမှ အာမခံအလုပ်သမား ဦးသန်းထွန်းနိုင်အတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၁၀၈၀၀၀၀၀ ကို မိခင် ဒေါ်လှ ထံသို့ လည်းကောင်း၊ ကမ္ဘောဇဘဏ်မှ အာမခံအလုပ်သမား ဒေါ်သက်နန္ဒာအောင်၏ မီးဖွားမှုနှင့် မီးဖွားစရိတ် အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၈၁၅၀၀၀ နှင့် ရိုးမဘဏ်မှ အာမခံအလုပ်သမား ဒေါ်ကေဇင်အောင်၏ မီးဖွားမှုဆိုင်ရာ ဆေးဖိုးကုန်ကျငွေကျပ် ၅၅၀၀၀၀ တို့ကို လည်းကောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် လူမှုဖူလုံရေးရုံးခွဲ တာဝန်ခံများက ထုတ်ပေးခဲ့ကြကြောင်း သိရသည်။

ရွှေသား(IPRD)

✶ စာမျက်နှာ ၈ မှ

ခိုင်ခိုင်မာမာတည်ဆောက်ရာမှာ ကျွန်တော်တို့နိုင်ငံသားအားလုံး တာဝန်ကျေပွန်ကြဖို့လိုပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးမြင့်မားတိုးတက်စေဖို့အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍမြင့်မားဖို့လိုနေပါတယ်။ မြန်မာနိုင်ငံရဲ့ ပတ်ဝန်းကျင်နိုင်ငံတွေက လူတစ်ဦးချင်းစီရဲ့ ထုတ်လုပ်နိုင်စွမ်းတွေကို မိမိတို့မမီသေးဘူးဆိုရင်တောင် လက်ရှိမိမိတို့ရဲ့ ကုန်ထုတ်လုပ်မှုထက် နှစ်ဆထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။ ဒီအတွက် လူတိုင်းအလုပ်လုပ်ကြဖို့နဲ့ အလုပ်လုပ်နိုင်အောင် အခြေအနေတွေ၊ အခွင့်အလမ်းတွေ ဖန်တီးပေးဖို့လိုပါတယ်။ ရွှေပဒေသာမြေက ပေါက်စေဖို့ လူတိုင်းအလုပ်လုပ်ကြရမှာဖြစ်သလို နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုကို အားပေးကြရမှာဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ဖွံ့ဖြိုးဖို့ အလုပ်လုပ်ကြရာမှာ ယခင်က လူကြီးတွေ ပြောခဲ့သလို ဖိုးသုည၊ မယ်သုညတွေနဲ့ တိုင်းပြည်တည်ဆောက်လို့ မရနိုင်ပါဘူး။ တန်ဖိုးမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်ကသာ နိုင်ငံကိုမြင့်မားအောင် တည်ဆောက်နိုင်မှာဖြစ်လို့ လူတိုင်းပညာတတ်ဖို့၊ အမျိုးသားပညာရည်မြင့်မားဖို့လိုပါတယ်။ ဉာဏ်ပညာနဲ့ လုံ့လဝီရိယတို့ကသာ နိုင်ငံကို ဂုဏ်သိက္ခာမြင့်မားအောင် တည်ဆောက်ကြရာမှာ အဓိကဦးဆောင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးကြဖို့ လိုအပ်ပါတယ်။ ပညာရေးကို နှောင့်ယှက်သူ၊ ပညာရေးကို ဟန့်တားသူ၊ ပညာရေးကို ဖျက်ဆီးသူတွေကိုလည်း ဖယ်ရှားရှင်းလင်းသွားကြရမှာဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ကတော့ မိမိတို့ဘိုးဘွားတွေရဲ့အမွေ၊ ထူးခြားကောင်းမွန်ပြည့်စုံတဲ့ သဘာဝတွေနဲ့ လှပတဲ့ပြည်ထောင်စုကြီးကို နဂိုရှိသည့်အတိုင်း စိုပြည်အလှမပျက်စေဖို့ပါ။ နှင်းဖုံးတောင်တန်းကြီးတွေနဲ့ ရေဝေတောင်တန်းကြီးတွေ၊ သဘာဝရေအိုင်ကြီးတွေနဲ့ တသွင်သွင်စီးဆင်းနေတဲ့ ရေချိုအရင်းအမြစ် မြစ်ချောင်းတွေ၊ သဘာဝအလျောက် ပေါက်ရောက်နေတဲ့ သစ်တော၊ ဝါးတောတွေနဲ့ စားရေရိက္ခာအသက်သွေးကြော မြေကောင်းယာကောင်းတွေ၊ ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းတွေနဲ့ အဏ္ဏဝါအရင်းအမြစ်တွေ၊ မြန်မာ့ရေမြေမှာ ရှင်သန်ကျက်စားကြတဲ့ သားငှက်တိရစ္ဆာန်တွေအားလုံးကို ချစ်မြတ်နိုးကြဖို့နဲ့ ထာဝရတည်ရှိအောင် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ကြဖို့ ဖြစ်ပါတယ်။

တောင်ပေါ်မြေပြန့် နိုင်ငံတစ်ဝန်းမှာ နေထိုင်ကြတဲ့ ကျွန်တော်တို့ ပြည်ထောင်စုသားတွေ၊ နိုင်ငံသားတွေမှာ အလှကိုယ်စီရှိကြပြီး ရောင်စုံပန်းချီကားတစ်ချပ်လို ရှုချင်စဖွယ် တင့်တယ်လှပါတယ်။ ကျွန်တော်တို့ နိုင်ငံသားအားလုံးရဲ့ တူညီတဲ့ ဝိသေသလက္ခဏာကတော့ ရင်းနှီးဖော်ရွေမှုဖြစ်တယ်လို့ ကမ္ဘာက အသိအမှတ်ပြုကြပါတယ်။ မြန်မာကို မသိတဲ့လူတွေက ကမ္ဘာမှာ အများကြီးရှိသလို သိသွားတဲ့လူတွေက ချစ်ခင်ကြတာ၊ မြတ်နိုးကြတာ၊ အလေးထားကြတာကို တွေ့ကြရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာလူမျိုးအားလုံးမှာရှိကြတဲ့ အလှကိုယ်စီကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ကြဖို့၊ မြန်မာ့မြေပေါ်မှာ အလှဝေအောင် မေတ္တာတရားတွေ ထွန်းကားဖို့၊ နိုင်ငံနှင့်လူမျိုးတွေကို အရုပ်ဆိုးအကျည်းတန်စေတဲ့ ဒေါသတိမ်သလ္လာတွေ ဖယ်ရှားရှင်းလင်းဖို့၊ ကျွန်တော်တို့ အားလုံးရေးထိုးကြရမယ့် သမိုင်းစာမျက်နှာသစ်ကို လက်ရေးညီညီရေးစီကြဖို့ မေတ္တာရှေ့ထား နှိုးဆော်လိုက်ရကြောင်းပါဗျား။ ။

# နိုင်ငံရေးပါတီတစ်ခုအဖြစ် ရပ်တည်ခွင့်

ယနေ့ရာသီဥတုက မိုးစွေနေသည်ဟု ဆိုရမည်ဖြစ်ပါသည်။ မိုးလေဝသသတင်းများကလည်း ခပ်စိပ်စိပ်လာနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ကိုလှ (နပတ)

မိုးနှင့်အတူ အတွေးများဝေဝါးနေစဉ်အတွင်း မိတ်ဆွေကြီးကိုသောင်းရောက်ရှိလာပါသည်။ ဘိသိက်ပြိုင်ထဲက ဆားတောင်သောင်းမဟုတ်ပါ။ လယ်ဝေးသား ကိုသောင်းပင်ဖြစ်ပါသည်။ သူကလည်း စာတော်တော်ဖတ်သူဖြစ်ပါသည်။ ဝင်ဝင်ချင်း "သူငယ်ချင်း စာဖတ်နေလား ... ငါမင်းကို တစ်ခုမေးချင်လို့ လာခဲ့တာပါ။ အဲဒါကတော့ နိုင်ငံရေးပါတီတစ်ခုအနေနဲ့ ရပ်တည်ခွင့် ရှိ၊ မရှိ၊ ဘယ်လို ပါတီမျိုးကသာ ရပ်တည်ခွင့်ရှိသလဲ။ အပြင်မှာ ပြောနေတာတွေ အများကြီးပေါ့။ နာမည်မပြောလိုတော့ဘူး။ မင်းကတော့ ဥပဒေတွေ ဖတ်တာဆိုတော့ မင်းရှင်းပြရင် ရှင်းသွားမယ်ထင်ပါတယ် အဲဒါလေးပါပဲ"

အခန်းတွင်း ဝင်ဝင်ချင်းပင် မရပ်မနား ပြောသွားသော ကိုသောင်း၏ မေးခွန်းများကို ပြန်လည်စဉ်းစားလိုက်မိပါသည်။ တစ်အချက်ကတော့ နိုင်ငံရေးပါတီတစ်ခုအဖြစ် ရပ်တည်ခွင့် ရှိ မရှိ၊ နှစ်အချက်က ဘယ်လိုပါတီမျိုးက ရပ်တည်ခွင့်ရှိသလဲဆိုတာပါပဲ။ စဉ်းစားနေဆဲမှာပင် ကိုသောင်းက သူငယ်ချင်း... ဘာစဉ်းစားနေလဲ... လင်းစမ်းပါဦးဟု သတိပေးလာခဲ့ပါသည်။

**Mother Law မူရင်းဥပဒေနဲ့မဆန့်ကျင်ဘဲ ထုတ်ပြန်ထားတဲ့အတိုင်း လိုက်နာ**

"အေးပါ။ မင်းမေးတာ ငါဖြေပါမယ်။ ဥပဒေကြောင်းအရပဲပေါ့ကွာ။ ရွေးကောက်ပွဲရှိတဲ့ နိုင်ငံတွေမှာ နိုင်ငံရေးပါတီတွေ တည်ထောင်တာ၊ ရွေးကောက်ပွဲဝင်တာတွေက သူတို့နိုင်ငံတွေရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖွဲ့စည်းပုံစည်းမျဉ်း၊ အဲဒီကတစ်ဆင့် သူတို့နိုင်ငံတွေရဲ့ ရွေးကောက်ပွဲကော်မရှင်တွေက ထုတ်ပြန်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို နိုင်ငံအသီးသီးရဲ့ Mother Law မူရင်းဥပဒေနဲ့မဆန့်ကျင်ဘဲ ထုတ်ပြန်ထားတဲ့အတိုင်း လိုက်နာရတာပေါ့ကွာ။ ဆိုလိုတာက ကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေတို့အတိုင်း လိုက်နာဆောင်ရွက်မှသာ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ရမှာ ဖြစ်တာပေါ့။ မလိုက်နာရင်တော့ နိုင်ငံရေးပါတီအဖြစ်က ရပ်စဲခံရမှာပေါ့ကွာ။ ဒါက ဥပဒေအရပဲပေါ့။"

"တကယ်တော့ကွာ၊ နိုင်ငံရေးပါတီဆိုတာက နည်းတဲ့အဆင့်မဟုတ်ဘူး သူငယ်ချင်း။ တိုင်းပြည်ရဲ့၊ တစ်တိုင်းပြည်လုံးရဲ့၊ ပြည်သူတွေရဲ့ ကံကြမ္မာဆိုး/ကောင်းကို ဖန်တီးမယ့် ဖန်တီးရှင်တွေပဲ၊ ပြည်သူတွေလည်း ဒါကိုသိသင့်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တိုင်းမှာ အစိုးရတိုင်းက ရွေးကောက်ပွဲကော်မရှင်ကို စနစ်တကျဖွဲ့စည်း၊ ဥပဒေနဲ့အကာအကွယ်ပေး၊ နိုင်ငံရေးပါတီတွေ အရည်အသွေး၊ အရည်အချင်းမြင့်အောင် ဥပဒေတွေထုတ်ပြန်ပြီး နိုင်ငံတော်ရဲ့အာဏာပါဝါကို အဲဒီဥပဒေအရ ရွေးကောက်ပွဲကျင်းပပြီး တက်လာတဲ့ နိုင်ငံရေးပါတီကို ပေးရတာလေ၊ ကဲ မင်းစဉ်းစားကြည့်ပါ။ မင်းတို့ ငါတို့က ပုဂ္ဂိုလ်ရေးအရဖြစ်စေ၊ ခံစားချက်နဲ့ဖြစ်စေ ပါတီတစ်ခုခုဟာ ဘာပဲဖြစ်နေဖြစ်နေ၊ ဘာကိုမှမကြည့်၊ ဒါဟာဒါပဲဆိုပြီး မျက်စိမှိတ်ရွေးခဲ့ရင် အဲဒီဒဏ် ဘယ်သူခံရမလဲ သူငယ်ချင်း။ မင်းတို့ငါတို့ ပြည်သူတွေပဲခံရမှာ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ပြန်အုပ်ချုပ်မှာလေ။ ဒါကြောင့်မို့ နိုင်ငံရေးပါတီကောင်း၊ နိုင်ငံရေးသမားအရည်အချင်းပြည့်ဝမှု၊ ဆင်ခြင်တုံတရားရှိမှု၊ သမာသမတ်ကျမှုရှိမှ တိုင်းပြည်ကောင်းမှာပေါ့ကွာ။"

"ကဲ...ပထမဆုံး တို့နိုင်ငံရဲ့ Mother Law မူလဥပဒေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ကိုကြည့်ရအောင်။ အဲဒီထဲမှာ **ပုဒ်မ ၃၉၈** မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပြီး မည်သို့ဖွဲ့ရမည် အတိအကျပြဋ္ဌာန်းထားသလို **ပုဒ်မ ၃၉၉** မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များကို အသေးစိတ်ပြဋ္ဌာန်းထားတယ်လေ။ အထူးသဖြင့် **အပိုဒ်(စ)၊ အပိုဒ်(ဆ)၊ အပိုဒ်(ဇ)**တို့မှာ ဒီလိုပြောထားတယ်-

အပိုဒ်(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီလည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက် စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီလည်းကောင်း ထုတ်ပြန်ခြင်း၊

အပိုဒ်(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊

အပိုဒ်(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း။

"အဲဒီတော့ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ချက်တွေဟာ ဥပဒေအရတို့နိုင်ငံရဲ့ Mother Law ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ဆောင်ရွက်ရတာမို့ ဥပဒေကြောင်းအရ ညီညွတ်တယ်။ ဘယ်နိုင်ငံမှ စွက်ဖက်ခွင့်မရှိဘူးသူငယ်ချင်း။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကိစ္စနဲ့ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) **ဥပဒေပုဒ်မ ၄၀၇၊ ၄၀၈** မှာလည်း ဒီလိုပြဋ္ဌာန်းထားခဲ့တယ် သူငယ်ချင်း...

**ပုဒ်မ ၄၀၇** – နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ-

(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊

(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ရယူသုံးစွဲခြင်း၊

(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။

**ပုဒ်မ ၄၀၈** – နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် **ပုဒ်မ ၄၀၇** ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းကတွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။

> ❛ ရွေးကောက်ပွဲကော်မရှင်ကလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာ အမှတ် (၁၀/၂၀၂၃) နဲ့ ထုတ်ပြန်ခဲ့တယ်။ သူငယ်ချင်း မင်းရှင်းလောက်ပြီထင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀၇ အရ ငြိစွန်းခဲ့ရင်ဖြစ်ဖြစ် ဒါမှမဟုတ် စောစောကရှင်းပြခဲ့တဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ အမိန့်ကြော်ငြာစာ အမှတ် (၁၀/၂၀၂၃) ထုတ်ပြန်ချက်အရ သတ်မှတ်ကာလအတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံပြန်မတင်ခဲ့ရင် အဲဒီနိုင်ငံရေး ပါတီတွေကတော့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့် မရှိတော့ဘူးပေါ့ကွာ ❜

"အဲဒီလောက်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ မင်းရှင်းပါလိမ့်မယ်။ ဥပဒေကြောင်းအရ ဘယ်လိုပါတီမျိုးက နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းခံရမယ်ဆိုတာကိုပေါ့ကွာ"

"အေး... ရှင်းပါတယ် သူငယ်ချင်း၊ လက်ရှိထုတ်ပြန်တဲ့ နိုင်ငံတော်အစိုးရရဲ့ ပြန်လည်ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနဲ့ကော်မရှင် ဆောင်ရွက်ခဲ့တာလေးရှိရင် လင်းစမ်းပါဦးကွာ"

"အေးပါကွာ။ ဒီလိုကွ သူငယ်ချင်းရ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၂၆ -၁-၂၀၂၃)ရက်နေ့မှာ ဥပဒေအမှတ် (၁၅/၂၀၂၃) နဲ့ အသစ်ပြဋ္ဌာန်းထားတဲ့ **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ အခန်း(၅)၊ ပုဒ်မ ၂၅ မှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ [နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀] အရ တည်ရှိနေသောပါတီများသည် ဤဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း(၆၀) အတွင်း ကော်မရှင်သို့ ဤဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်"** ဖြစ်သည်ဟု ပြဋ္ဌာန်းထားတယ်။"

"အဲဒီလိုပဲ ရွေးကောက်ပွဲကော်မရှင်ကလည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃) နဲ့ ထုတ်ပြန်ခဲ့မှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) နဲ့ ထုတ်ပြန်ကြေညာခဲ့တယ်။ အဲဒါကတော့ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်တုန်းက ရွေးကောက်ပွဲဝင်ခဲ့တဲ့၊ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတွေအားလုံးဟာ ဥပဒေအရ ပြန်ပြီးသတ်မှတ်ကာလအတွင်း မှတ်ပုံတင်ရမှာပေါ့ကွာ၊ သတ်မှတ်ကာလကျော်လွန်သွားရင် အလိုအလျောက် ပျက်ပြယ်သွားမှာပေါ့။"

"အဲဒီတော့ ဘာဖြစ်သေးလဲ ဆက်ပြောပါဦး"

"ဘာဖြစ်ရမှာလဲကွာ သတ်မှတ်ထားတဲ့ ကန့်သတ်ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်ကြတာပေါ့။ တင်တာလည်းရှိသလို မတင်တာလည်း ရှိရင်ရှိမှာပေါ့။ ရက်ပေါင်း ၆၀ ပြည့်သွားတဲ့အခါကျတော့ ၂၀၂၃ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ကြေညာချက်အမှတ် (၅/၂၀၂၃) ထွက်ရှိလာတယ်လေ။ အဲဒီကြေညာချက် အပိုဒ် (၂) မှာက ဒီလိုကွ –

စာမျက်နှာ ၁၁ သို့ ☆

> ❛ တိုင်းပြည်ကောင်းအောင် စေတနာဖြင့် ဆောင်ရွက်ပေးသော အစိုးရ၏အားလုံးပါဝင်နိုင်စေချင်သည့်ဆန္ဒကို ပြည်သူများအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပြီး တစ်နိုင်ငံလုံးကို ဦးဆောင်နိုင်မည့် အရည်အချင်းပြည့်ဝခြင်း၊ ဉာဏ်ရည်မြင့်မားခြင်း၊ ခိုင်မာသော အခြေခံဖွဲ့စည်းပုံ၊ စည်းမျဉ်း၊ စည်းကမ်း၊ စိတ်ဓာတ်၊ မျိုးချစ်စိတ်ရှိသော ပါတီမျိုးကိုသာ ရွေးချယ်ပေးခဲ့မည်ဆိုပါလျှင် ယနေ့မြန်မာပြည်သည် မကြာခင်ကမ္ဘာ့အလယ်တွင် ပဒုမ္မာရွှေကြာပန်းလို ပွင့်လန်းလာမည့် ပန်းကောင်းတစ်ပွင့်ဖြစ်လာတော့မည် ❜

☆ စာမျက်နှာ ၁၀ မှ

"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ တည်ဆဲနိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီ အဖြစ် ဆက်လက်တည်ထောင်လိုပါက ဥပဒေပြဋ္ဌာန်းသည့် နေ့ရက်နေ့မှစ၍ ရက်ပေါင်း (၆၀) အတွင်း ကော်မရှင်သို့ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်"။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ အကျုံးဝင်သည့် တည်ဆဲနိုင်ငံရေးပါတီ (၉၀) ပါတီအနက် သတ်မှတ်ကာလ ရက်ပေါင်း (၆၀) ပြည့်မြောက်သည့် (၂၈ - ၃ - ၂၀၂၃) ရက်နေ့အထိ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ကို နိုင်ငံရေးပါတီ (၅၀) ပါတီက လျှောက်ထားခဲ့သည်။

စာပိုဒ် (၃) မှာ သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီ (၄၀)ပါတီတို့သည် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သဖြင့် ယင်းပါတီများကို (၂၉-၃-၂၀၂၃) ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ်မှ မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းလိုက်သည်ဟု ကြေညာထားတယ်လေ။

"ဒါကိုပဲ ရွေးကောက်ပွဲကော်မရှင်ကလည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာ အမှတ် (၁၀/၂၀၂၃) နဲ့ ထုတ်ပြန်ခဲ့တယ်။ သူငယ်ချင်း မင်းရှင်းလောက်ပြီထင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀၇ အရ ငြိစွန်းခဲ့ရင်ဖြစ်ဖြစ် ဒါမှမဟုတ် စောစောကရှင်းပြခဲ့တဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ အမိန့်ကြော်ငြာစာ အမှတ် (၁၀/၂၀၂၃) ထုတ်ပြန်ချက်အရ သတ်မှတ်ကာလအတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံပြန်မတင်ခဲ့ရင် အဲဒီနိုင်ငံရေးပါတီတွေကတော့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိတော့ဘူးပေါ့ကွာ။"

"ဒါဆိုရင် မင်းနောက်အသစ်ဖွဲ့ချင်ရင်ရော ဘယ်လိုလုပ်ရမလဲ သူငယ်ချင်း"

**ရွေးကောက်ပွဲကျင်းပမယ့် ရက်မတိုင်ခင် ရက်ပေါင်း ၉၀ အတွင်း ပြည့်ဝအောင်၊ ပြည့်စုံအောင်ဆောင်ရွက်ဖို့ ခွင့်ပြုပေးခဲ့**

"နောက်အသစ်ဖွဲ့ချင်ရင် နိုင်ငံတော်အစိုးရက အများကြီး ပြန်ကြည့်ပါတယ်။ အခုဆိုရင် ရွေးကောက်ပွဲလုပ်မယ်လို့လည်း ကတိကဝတ်ပြုပြီးထားပြီလေ။ ဒါတောင် ပြီးခဲ့တဲ့ မေလ ၉ ရက်နေ့အထိ အသစ်ဖွဲ့လိုတာတွေလည်း မှတ်ပုံတင်ဖို့ခွင့်ပြုထားတယ်။ ဒ့ါအပြင် တင်ထားပြီးသား နိုင်ငံရေးပါတီတွေနဲ့ လိုအပ်ချက်တွေကို အတိအကျပြဋ္ဌာန်းပြီး ရွေးကောက်ပွဲကျင်းပမယ့် ရက်မတိုင်ခင် ရက်ပေါင်း ၉၀ အတွင်း ပြည့်ဝအောင်၊ ပြည့်စုံအောင်ဆောင်ရွက်ဖို့ ခွင့်ပြုပေးခဲ့တယ်လေ။ တို့တွေတောင်စဉ်းစားတယ်။ ဒီလောက်အထိ နိုင်ငံတော်အစိုးရအနေနဲ့ လိုက်လျောတာ၊ အမှန်ဆိုရင် ရွေးကောက်ပွဲ တစ်ခုလုပ်ဖို့ မလွယ်ဘူးလေ။ ဒီကြားထဲ နိုင်ငံရေးပါတီတွေ တင်ပြချက်အပေါ် မှန် /မမှန်စိစစ်ရမှာ အချိန်ရှိရဲ့လားပေါ့။ ဒါပေမဲ့ လူကြီးတွေအမြင်မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ နောက်ဆုံးနံပါတ် (၅) မှာ ဖော်ပြထားတဲ့ "**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်လာစေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**" ဆိုတာက အဓိကပေါ့ကွာ။ နိုင်ငံတော်အပေါ်၊ တိုင်းရင်းသားတွေအပေါ်၊ နိုင်ငံသားတွေအပေါ်၊ ပြည်ထောင်စုတစ်ခုလုံးအပေါ်ထားတဲ့ စေတနာပေါ့ကွာ။ **အချို့တိုင်းရင်းသားလက်နက်ကိုင်တွေတောင် အမြင်မှန်ရ၊ ကိုယ့်နယ်မြေတိုးတက်စေချင်ရင် ကိုယ်တိုင်လက်နက်စွန့်ပြီး ရွေးကောက်ပွဲဝင်၊ ပြည်သူရွေးတဲ့ ပြည်နယ်အစိုးရလုပ်၊ ပြည်နယ်ခေါင်းဆောင်လုပ်ပေါ့ကွာ၊ ဒါတွေများ သူတို့တွေးတတ်ခဲ့ရင် အစိုးရကို ကျေးဇူးတင်ရမှာပါ**"

"အေးပါ သူငယ်ချင်း။ မင်းရှင်းပြတာ အတော်ရှင်းပါပြီ။ အနှစ်ချုပ်လေး ပြန်ရှင်းပါဦးကွာ"

"ဒါကကွာ.... **ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀၇ မှာပါတဲ့ အချက်တွေရယ်၊ နိုင်ငံတော်အစိုးရရဲ့ (၂၆- ၁ - ၂၀၂၃) ဥပဒေ အမှတ် ၁၅/၂၀၂၃ အရရယ်၊ ကော်မရှင်က ထပ်မံထုတ်ပြန်တဲ့ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်ထုတ် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) အရ ၂၀၂၀ မှာ မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီ ၉၀ အနက် ပါတီ ၅၀ က ပြန်တင်တယ်။ ကျန်တဲ့ပါတီ ၄၀ က မတင်ဘူး။ အဲဒီတော့ အဲဒီပါတီ ၄၀ က အလိုလိုပျက်ပြယ်ပြီး ဖြစ်တာပေါ့ကွာ။ ပြီးတော့ အသစ်ပြန်လျှောက်ချင်တဲ့ ပါတီတွေကိုလည်း ၂၀၂၅ ခုနှစ် မေလ ၉ ရက်အထိ ခွင့်ပြုခဲ့တယ်လေ။ တင်ခဲ့ရင် ကိုက်ညီခဲ့ရင်ရမှာပေါ့၊ မကိုက်ညီရင်တော့ မရဘူးပေါ့ကွာ။** မင်း.... ရှင်းလင်းပြီထင်ပါတယ် သူငယ်ချင်း။ ကျန်တာတော့ မှတ်ပုံတင်ရင် ဘာတွေလိုတယ်၊ နိုင်ငံတစ်ဝန်းဆိုရင် အင်အား၊ ငွေ၊ ရုံး၊ ပြည်နယ် / တိုင်းဒေသကြီးဆိုရင် အင်အား၊ ငွေ၊ ရုံး ဆိုတာတွေတော့ စာရှည်မှာမို့လို့ မရှင်းပြတော့ဘူးကွာ။ မင်းလည်းစာဖတ်တာဆိုတော့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ **ပုဒ်မ ၃၊ ၄၊ ၅** တို့မှာသာ ဖတ်ကြည့်တော့ သူငယ်ချင်းရေ"

"အေးပါကွာ.... ကျေးဇူးပါ။ မင်းအာခေါင်တော်တော်ခြောက်သွားပြီထင်တယ်၊ ကဲ... စကားလည်းကောင်းတယ်၊ ငါပြန်ဦးမယ်" ဆိုပြီး ပြန်သွားပါလေရော။

ကျွန်တော့်မှာတော့ အတွေးပင်လယ်ထဲတွင် ကျန်နေခဲ့ပေတော့သည်။ အမှန်တကယ် တိုင်းပြည်ကောင်းအောင် စေတနာဖြင့် ဆောင်ရွက်ပေးသော အစိုးရ၏ အားလုံးပါဝင်နိုင်စေချင်သည့်ဆန္ဒကို ပြည်သူများအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပြီး တစ်နိုင်ငံလုံးကို ဦးဆောင်နိုင်မည့် အရည်အချင်းပြည့်ဝခြင်း၊ ဉာဏ်ရည်မြင့်မားခြင်း၊ ခိုင်မာသော အခြေခံဖွဲ့စည်းပုံ၊ စည်းမျဉ်း၊ စည်းကမ်း၊ စိတ်ဓာတ်၊ မျိုးချစ်စိတ်ရှိသော ပါတီမျိုးကိုသာ ရွေးချယ်ပေးခဲ့မည်ဆိုပါလျှင် ယနေ့မြန်မာပြည်သည် မကြာခင်ကမ္ဘာ့အလယ်တွင် ပဒုမ္မာရွှေကြာပန်းလို ပွင့်လန်းလာမည့် ပန်းကောင်းတစ်ပွင့်ဖြစ်လာတော့မည်ဟုသာ ရေးသားတင်ပြလိုက်ရပါသည်။ ။

■

## အုတ်တွင်းမြို့နယ်၌ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

**အုတ်တွင်း ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ခင်တန်းကျေးရွာ ဘဝအဖော်မွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၏ ရန်ပုံငွေဖြင့် (၇) ကြိမ်မြောက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အမက(မူလွန်) ခင်တန်းကျောင်း၌ ပြုလုပ်သည်။



အခမ်းအနားတွင် ဘဝအဖော်မွန် ကျေးရွာစာကြည့်တိုက်မှ စာကြည့်တိုက်ကော်မတီအဖွဲ့ဝင် ဦးထွန်းနိုင်ဦးက စာကြည့်တိုက် ရန်ပုံငွေဖြင့် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အမက (မူလွန်) ခင်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ချိုချိုဟန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် စာကြည့်တိုက် ကော်မတီဝင်များက ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့သည်။

ဘဝအဖော်မွန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရန်ပုံငွေဖြင့် အမက(မူလွန်) ခင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅၄ ဦးအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ တန်ဖိုးငွေကျပ် ၁၉ သိန်းခန့်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘုတ်ပြင်းမြို့နယ်၌ တောဆင်ရိုင်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြော

**ဘုတ်ပြင်း ဩဂုတ် ၂**

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ မြို့နယ်သစ်တောဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ တောဆင်ရိုင်း အန္တရာယ်နှင့်ပတ်သက်၍ လူနှင့်ဆင် ပဋိပက္ခလျှော့ချနိုင်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အထက(ဘုတ်ပြင်း) နဝရတ်ခန်းမ၌ ကျင်းပသည်။

**အသိပညာပေးပြောကြား**

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောလူးသယ်ရွှေက တောဆင်ရိုင်း အန္တရာယ်နှင့် လူသေဆုံးမှု မဖြစ်ပေါ်စေရေး၊ လူနှင့်ဆင် ပဋိပက္ခလျှော့ချနိုင်ရေး၊ ဆင်များ၏ သဘောသဘာဝ နေထိုင်ပြုမူပုံနှင့် အလေ့အထများ၊ လူနှင့်ဆင် ပဋိပက္ခဖြစ်စေသော အကြောင်းရင်းများ၊ တောဆင်များ လူတို့အနီး ရောက်ရှိလာရခြင်း အကြောင်းရင်းများ၊ တောဆင်ရိုင်းများနှင့် ရင်ဆိုင်ရပါက တိမ်းရှောင်ရမည့်နည်းလမ်းများ၊ တောဆင်ရိုင်းအန္တရာယ်မှ ကာကွယ်နိုင်ရန် ဆောင်ရွက်နိုင်မည့် သဘာဝအတားအဆီးများနှင့် ကြိုတင်ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ တောဆင်များနှင့် ထိပ်တိုက်



ရင်ဆိုင်ရမှုမှ ရှောင်ရှားနိုင်ရေး သတိပြုရမည့် အချက်များကို ပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြော

**တွံတေး ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ဥပဒေနှင့် မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ တွံတေးမြို့နယ် ငါးလုပ်ငန်းသိပ္ပံကျောင်း(တွံတေး)ရှိ ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တွံတေးမြို့မရဲစခန်းမှ ရဲအုပ်မင်းမင်းစိုးက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် တွံတေးမြို့နယ် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးအောင်ထွန်းသန့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေများကို ရှင်းလင်းသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန သဝန်းတောကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်ညိုညိုစန်းက အသည်းရောင်အသားဝါ(စီ)ပိုးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးသည်။ ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား အာဟာရဒါနအဖြစ် ကြာဆံကြော်နှင့်အအေးဘူးများ လှူဒါန်းပေးခဲ့ပြီး တွံတေးမြို့နယ် ငါးလုပ်ငန်းသိပ္ပံကျောင်း(တွံတေး)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား အသည်းရောင်အသားဝါ(စီ)ပိုး စစ်ဆေးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နေပြည်တော် ဩဂုတ် ၂

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းခတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ် ၁၄ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့၊ မိုင်းဆတ်မြို့၊ မိုင်းယောင်းမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ မြို့သန့်ရှင်းသာယာရေး စုပေါင်းဆောင်ရွက်



ပုသိမ် ဩဂုတ် ၂

ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်တိုင်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်၊ မြို့အသီးသီး၌ ဘုရားစေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ရပ်ကွက်အသီးသီးတို့တွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများစုပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ဘုရားစေတီများ၌ စိတ်အေးချမ်းမြေ့စွာ ကုသိုလ်ပြုနိုင်ရေး၊ မြို့သာယာလှပရေးနှင့် လမ်းဘေးဝဲ/ယာ သန့်ရှင်းမှု ရှိစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများက ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များက ဘုရားပရိဝုဏ်နှင့် ကျောင်းဝင်းအတွင်းရှိ အမှိုက်များနှင့် ပေါင်းမြက်များ၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ မြို့တွင်းလမ်းဘေး ဝဲ/ယာတစ်လျှောက် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် တူးဖော်ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။ ထို့နောက် မြို့နယ်အသီးသီးရှိ ရပ်ကွက်များနှင့် လမ်းများ သန့်ရှင်းမှုရှိစေရေးအတွက် ရပ်ကွက်နေပြည်သူများ စုပေါင်းကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တပ်ကုန်းမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



တပ်ကုန်း ဩဂုတ် ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နေပြည်တော် တပ်ကုန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းခွင်များကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ အင်ဂျင်နီယာများ၊ ဥတ္တရခရိုင်နှင့် တပ်ကုန်းမြို့နယ်တို့မှ တာဝန်ရှိအင်ဂျင်နီယာများက တင်ဒါအောင်ကုမ္ပဏီများနှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တပ်ကုန်းမြို့နယ်အတွင်း ပြည်ထောင်စု/နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား တည်ဆောက်ခြင်းလုပ်ငန်းများ မဆောင်ရွက်မီ မူလလမ်း/တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီဆောင်ရွက်ပြီးစီးနိုင်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ဇူလိုင် ၃၁ ရက်က ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုရကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ပြိုင်ပွဲအခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦးက အမှာစကားပြောကြားပြီး အနောက်ပိုင်းတက္ကသိုလ်၏ ကာယဗလမောင် ခြောက်ဦးနှင့် ကာယအလှမယ် ၁၁ ဦးတို့က အလွတ်တန်းယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ကာယဗလမောင်ပြိုင်ပွဲ၊ ကာယအလှမယ်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ဘာသာရပ်ပေါင်းစုံစစ်တုရင်ပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် ဆုရကစားသမားများကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



# ရပ်စောက်မြို့နယ် ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်း၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရပ်စောက် ဩဂုတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ဝန်ထမ်းပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ရဿဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းသဘာပတိက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်တို့က မြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုအခြေအနေတို့ကို ပြောကြားကာ အသင်း၏ဒုဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် အသင်းစာရင်းစစ်တို့က ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းစာရင်းစစ် အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြခဲ့ကာ အတည်ပြုချက်ရယူခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက လူရည်ချွန်ဆုနှင့် Grade-12 ကို ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် အသင်းသားများ၏သားသမီးများအား ပညာရည်ချွန်ဆုများ ဂုဏ်ပြုပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူး(မြို့ပြ)၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်တာဝန်ခံတို့သည် ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက ထားဝယ်မြို့ ဆန်းချီတိုးချဲ့ရပ်ကွက် ခရေလမ်းရှိ ထားဝယ်ခရိုင်/မြို့နယ် ဦးစီးအရာရှိ(မြို့ပြ)ရုံးရှေ့ ရေစီးရေလာကောင်းမွန်စေရေးအတွက် အုတ်စီရေမြောင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ ငွေဇင်ယော်(ထားဝယ်)

# ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံအား စည်းကြပ်ခွန် ၁၉ ရာခိုင်နှုန်း အမေရိကန် ကောက်ခံမည်

ဝါရှင်တန် ဩဂုတ် ၂

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံအား စည်းကြပ်ခွန် ၁၉ ရာခိုင်နှုန်းကောက်ခံမည့် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ကနဦးတွင် စည်းကြပ်ခွန် ၃၆ ရာခိုင်နှုန်းကောက်ခံမည်ဟု အဆိုပြုထားရာမှ ယခု ၁၉ ရာခိုင်နှုန်းသာကောက်ခံခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏စီးပွားရေးနှင့် ပြည်သူများအတွက် အလွန်ပင်ကောင်းမွန်ပါကြောင်းနှင့် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ရရှိစေရန် ကူညီဆောင်ရွက်ပေးသည့် သမ္မတထရမ့်အား ကျေးဇူးတင်ရှိပါကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့ကြောင်း သိရသည်။

အလားတူ ထိုင်းဘဏ္ဍာရေးဝန်ကြီး ပီချိုင်ချွန်ဟာဗာဂျီရာက အဆိုပါကုန်သွယ်မှုဆိုင်ရာ ဆုံးဖြတ်ချက်ကို ကြိုဆိုခဲ့ပြီး ဗန်ကောက်နှင့် ဝါရှင်တန်ကြား ခိုင်မာသော ချစ်ကြည်ရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို ထင်ဟပ်စေကာ ထိုင်းနိုင်ငံအား ကမ္ဘာတစ်ဝန်း၌ ပိုမိုယှဉ်ပြိုင်နိုင်စေရန် ကူညီပေးခြင်းဖြစ်ကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံကြား တင်းမာမှုများ ပြေလျော့လာချိန်တွင် ယခုကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

နှစ်နိုင်ငံတိုက်ပွဲများ မရပ်မချင်း ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကို ဆက်လုပ်မှာ မဟုတ်ကြောင်း သမ္မတထရမ့်က ကနဦးတွင် ပြောကြားခဲ့သည်။ ဇူလိုင် ၂၈ ရက်တွင် ခြွင်းချက်မရှိ နှစ်နိုင်ငံ အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ကြသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



# ဂျပန်အာကာသယာဉ်မှူး ယူရီကီမီယာနှင့်အဖွဲ့ နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိ

တိုကျို ဩဂုတ် ၂

ဂျပန်အာကာသယာဉ်မှူး ယူရီကီမီယာနှင့်အဖွဲ့သည် နိုင်ငံတကာအာကာသစခန်းသို့ ယနေ့ရောက်ရှိခဲ့ကြောင်း သိရသည်။

Crew Dragon မစ်ရှင်သည် နာဆာနှင့် ပုဂ္ဂလိက အာကာသယာဉ်ကုမ္ပဏီ စပေ့စ်အိတ်စ် (SpaceX) တို့ကြား ပူးပေါင်းဆောင်ရွက်သည့် မစ်ရှင်တစ်ခုဖြစ်သည်။

အာကာသယာဉ်မှူး ယူရီကီမီယာနှင့်အဖွဲ့ လိုက်ပါသည့် Falcon 9 booster ဒုံးပျံကို ဒေသစံတော်ချိန် ဩဂုတ် ၁ ရက် မွန်းတည့်ချိန်မတိုင်မီ ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

၁၀နှစ်အတွင်း ပထမဆုံးအကြိမ် အာကာသအတွင်းသို့ ပြန်လည်ရောက်ရှိပြီဖြစ်ကြောင်းနှင့် နိုင်ငံနှင့်ပြည်သူများအတွက် အကောင်းဆုံးကြိုးပမ်းသွားမည်ဖြစ်ကြောင်း အာကာသယာဉ်မှူး ယူရီကီမီယာက ပြောကြားခဲ့သည်။



၂၀၁၅ ခုနှစ်အတွင်း အာကာသအတွင်း၌ လနှင့်ချီကြာသည့် မစ်ရှင်တစ်ခု ပြီးဆုံးပြီးနောက် ယူရီကီမီယာ၏ ပထမဆုံးအကြိမ် အာကာသသို့ ပြန်လည်သွားရောက်ခြင်းဖြစ်သည်။

တိုကျိုမြို့မြောက်ဘက် နာဂါနိုစီရင်စုရှိ ယူရီကီမီယာ၏ မွေးရပ်မြေ၌ ပြည်သူများက ယူရီကီမီယာ အာကာသသို့ ပြန်လည်ရောက်ရှိခြင်းကို စောင့်ကြည့်ရန် စုဝေးလျက်ရှိခဲ့ကြသည်။

ယူရီကီမီယာနှင့်အတူ အမေရိကန်မှ အာကာသယာဉ်မှူး ဇီနာကာ့မန်နှင့် မိုက်ဖန်ခီ၊ ရုရှားနိုင်ငံမှ အိုလက်ဂျ်ပလက်တိုနော့ဗ်တို့ ပါဝင်ကြောင်း သိရသည်။

၎င်းတို့က နိုင်ငံတကာအာကာသစခန်း၌ မတ်လကတည်းက တာဝန်ထမ်းဆောင်လျက်ရှိသည့် ဂျပန်အာကာသယာဉ်မှူး အိုနီရှီတာကူယာနှင့် အခြားသော အာကာသယာဉ်မှူးများနှင့် အတူ မစ်ရှင်များ အတူတကွပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

လကမ္ဘာနှင့် အခြားနေရာများသို့ စူးစမ်းရှာဖွေရေးမစ်ရှင်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စရပ်များ လုပ်ဆောင်ရန် ခြောက်လခန့် နေထိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ဂါနာနိုင်ငံက ပါလက်စတိုင်းပြည်သူများထံ စားသောက်ကုန်များနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

အက်ခရာ ဩဂုတ် ၂

ဂါနာနိုင်ငံက ဂါဇာကမ်းမြောင်ဒေသအကျပ်အတည်းတွင် ပါလက်စတိုင်းပြည်သူများထံ စားသောက်ကုန်များနှင့် ကယ်ဆယ်ရေးပစ္စည်း မက်ထရစ်တန် ၄၀ ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ဂါနာသမ္မတ ဂျွန်ဒရာမာနီ မဟာမာက ထောက်ပံ့ရေးပစ္စည်းများကို ဂါနာနိုင်ငံဆိုင်ရာ ပါလက်စတိုင်းသံအမတ်ကြီး အာဒယ်ဖာတက်အာမက်ခါလီအယ်ဆာတာရီထံ ဩဂုတ် ၁ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

ဂါနာနိုင်ငံလုပ် ကိုကိုးစားသောက်ကုန်များသည် ပါလက်စတိုင်းပြည်သူများ၏ ဝေဒနာကို ပြေလျော့စေရန် ရည်ရွယ်ပါကြောင်း သမ္မတ မဟာမာက ပြောကြားသည်။

အဆိုပါပေးအပ်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားမှုအတွက် ဂါနာနိုင်ငံ၏ ကတိကဝတ်ကို ဖော်ပြရာရောက်ကြောင်း သမ္မတ မဟာမာက ပြောကြားသည်။

ထို့ပြင် ဂါနာ၏ တန်ဖိုးအရှိဆုံး သဘာဝအရင်းအမြစ်များအနက် ကိုကိုးထုတ်ကုန်များသည် ဂါနာလယ်သမား သန်းပေါင်းများစွာ၏ ရက်ရောမှုကို ကိုယ်စားပြုကြောင်း သမ္မတ မဟာမာက ပြောကြားခဲ့သည်။

နိုင်ငံတကာဥပဒေနှင့် ကုလသမဂ္ဂဆုံးဖြတ်ချက်နှင့်အညီ အစ္စရေး-ပါလက်စတိုင်းတို့ကြား နှစ်နိုင်ငံဖြေရှင်းချက်နည်းလမ်းကို ထောက်ခံပါကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂါနာနိုင်ငံဆိုင်ရာ ပါလက်စတိုင်းသံအမတ်ကြီး အာဒယ်ဖာတက်အာမက်ခါလီအယ်ဆာတာရီက ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်းအတွက် သမ္မတ မဟာမာနှင့် ဂါနာပြည်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်



# အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန် အထူးသံတမန် စတီးဗ်ဝတ်ကော့ဖ် ဂါဇာကမ်းမြောင်ရှိ စားနပ်ရိက္ခာပြတ်လပ်မှုပြဿနာများကို စစ်ဆေး

ဂါဇာစီးတီး ဩဂုတ် ၂

အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်အထူးသံတမန် စတီးဗ်ဝတ်ကော့ဖ်က ဂါဇာကမ်းမြောင်သို့ သွားရောက်ကာ ပြည်သူများ စားနပ်ရိက္ခာ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည့် ပြဿနာများကို ယမန်နေ့တွင် သွားရောက်စစ်ဆေးခဲ့သည်။

စတီးဗ်ဝတ်ကော့ဖ်က ဂါဇာကမ်းမြောင်ရှိ အစားအသောက်ဖြန့်ဖြူးရေးစင်တာတစ်ခုသို့ သွားရောက်ခဲ့ကြောင်း အစ္စရေးမီဒီယာများက ယမန်နေ့တွင် သတင်းဖော်ပြခဲ့သည်။

စားနပ်ရိက္ခာ ပြတ်လပ်သည့် ပြဿနာများကို ဖြေရှင်းရန်အတွက် ဒေသခံပြည်သူများအား တိုက်ရိုက်တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဂါဇာကမ်းမြောင်၌ ဖြစ်ပွားလျက်ရှိသည့် အငတ်ဘေးသည် ကမ္ဘာ့အဆိုးရွားဆုံးအခြေအနေဖြစ်ကြောင်း ကုလသမဂ္ဂကျောထောက်နောက်ခံပေးထားသော စားနပ်ရိက္ခာဖူလုံရေး ကျွမ်းကျင်သူများက ပြောသည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြေရှင်းပြီးပါက အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှုများ ပြန်လည်စတင်ရန် အသင့်ရှိကြောင်း ဟားမတ်စ်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ပန်းတောင်းမြို့နယ်၌ ရခိုင်ပြည်နယ်သို့သယ်ဆောင်မည့် ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကိုတွေ့ရစဉ်။



စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်သူ တရားခံ မြတ်မင်း၊ ကျော်ကျော်ဝင်းနှင့် ခင်မောင်လွင်တို့အား သယ်ဆောင်ယာဉ်များနှင့် အတူတွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂

ပန်းတောင်းမြို့နယ်၌ ရခိုင်ပြည်နယ်သို့သယ်ဆောင်မည့် ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်၂၁ ရက် ည ၉ နာရီခွဲတွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ပန်းတောင်းမြို့နယ် ပုသိမ်-မုံရွာလမ်း ရေကျော်ကျေးရွာလမ်းဆုံအနီး၌ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း (၎င်းဒေသတန်ဖိုးငွေကျပ် သုံးဘီလီယံခန့်)သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်မှရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်ဝင်းနှင့် ပူးပေါင်းပါဝင်သူ ခင်မောင်လွင်တို့အား မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက် မြို့ပတ်လမ်းရှိနေအိမ်တွင်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများကို နေအိမ်၌သိမ်းဆည်းထားခဲ့ပြီး ရန်ကုန်မှ ကြံခင်းမြို့သို့ မော်တော်ယာဉ်ဖြင့်သယ်ဆောင်ခဲ့သူ မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်ရှိ ကိုကိုနိုင်၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မြတ်မင်းအား Canter Box ယာဉ်၊ Minicab ယာဉ်နှစ်စီးတို့နှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း၊ ကြံခင်းမြို့မှ ပန်းတောင်းမြို့နယ်သို့ လီဖန်းယာဉ်ဖြင့် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခဲ့သူ ကြံခင်းမြို့နယ် သဲဖြူကျေးရွာနေ စိုးမင်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ခဲ့သည့် Lifan အမျိုးအစား ယာဉ်တစ်စီးအား ဆက်လက်သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မှရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်သူ တင်အောင်မိုး၏ အစီအမံဖြင့် မင်းစည်သူနှင့် ဖိုးအေးတို့က ရန်ကုန်မြို့၌ ပန်းတောင်းမြို့နယ်နှင့် မင်းတုန်းမြို့နယ်ကြားရှိ နယ်စပ်သို့ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်ဝင်းထံလွှဲအပ်ခဲ့ပြီး ကျော်ကျော်ဝင်း၊ ကိုကိုနိုင်နှင့်မြတ်မင်းတို့သည် အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မြို့ရှိ ကိုကိုနိုင်၏ နေအိမ်တွင်ခေတ္တသိမ်းဆည်းထားခဲ့ပြီး ရန်ကုန်မှ ကြံခင်းမြို့သို့ မော်တော်ယာဉ်ဖြင့်သယ်ဆောင်ခဲ့ကြောင်း၊ ကြံခင်းမှ ပန်းတောင်းသို့ Lifan ယာဉ်ပိုင်ရှင်စိုးမင်းနှင့် ယာဉ်မောင်းတင့်ဆွေတို့က ဆက်လက်သယ်ဆောင်ခဲ့ကြပြီး ပန်းတောင်းမြို့နယ်မှတစ်ဆင့် ရဲနိုင်နှင့် မိုးထိတို့က ရခိုင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ခြင်း ဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၇၂ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၅၇၅၁၇၇၉၃၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။




အေးရှားဝေါလ်ဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ထို့အပြင် ဩဂုတ် ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့ အတွင်း၌ တရားမဝင် မီးသွေး ၂၈ ဒသမ ၈၀၀ တန်၊ အခြားသစ် ၁ ဒသမ ၅၂၅ တန် စုစုပေါင်းခန့်မှန်း တန်ဖိုးငွေ ၂၇၁၁၈၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၀ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၄၃ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁ ရက်နှင့် ၂ ရက် တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄ မှု (ခန့်မှန်း တန်ဖိုးငွေ ၂၅၇၅၄၄၉၁၁၆ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့် အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၈-၂၀၂၅ တနင်္ဂနွေနေ့

**MRTV HD**

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မင်္ဂလသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၄၀** လေ့လာစရာစုံလင် အပိုမြန်ပြည်တစ်ခွင် 'နေ့သစ်တိုင်းရဲ့ ခြေလှမ်းများအတွက်'
- **၀၉:၁၅** ကာတွန်းအစီအစဉ် **'ချစ်စရာ သိုးဖိသားစု'** (အပိုင်း-၁၃)
- **၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၀:၂၅** 'အလွမ်းမိုးစက်များ' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- **၁၁:၄၀** အသိပညာနှင့်အမှန်တရား
- **၁၂:၃၅** This Week's Special Interest
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် **'ချစ်ကြိုးလိမ်'**
- **၁၆:၄၀** Sports Diary
- **၁၇:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- **၁၇:၄၀** လှပကောင်းမွန်သော နယ်စပ်ခရီး (အပိုင်း-၆)
- **၁၈:၃၅** ပြည်ချစ်သားမွန်တေးသဂၢီ
- **၁၈:၄၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'မုသားနောက်ကွယ်'** (အပိုင်း-၂၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ကြွေလည်းဝေမြဲ တမ်းတဆဲ 'စာဆိုတော် အလင်္ကာကျော်စွာဌေးတိုင်ညွှန့်' (၁၉၀၉-၁၉၄၅) (အပိုင်း-၃)
- **၂၁:၂၅** ဆေးရောင်စုံရုပ်ရှင် **'ငြိုးဟန်ဖွဲ့စိမ်းရက်လေသလား'**

**mitv**

- **07:01** Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar
- **07:09** Digital Directory on Shwedagon Pagoda
- **07:24** Tech Digest
- **07:33** Myanmar Traditional Snacks: Sago with coconut milk
- **07:39** Ecotourism: Along River Chindwin To Khamti
- **08:01** News
- **08:27** World Heritage Site: Beikthano
- **09:01** Daytamotbarat Sasana Land
- **09:24** Today Myanmar
- **09:33** A Great Musician of A Horn Violin
- **09:55** Mingala Prayer (Version-1)
- **10:01** News

**Me**

- **၀၆:၀၀** အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- **၀၆:၂၀** တိုင်းရင်းသားတေးသီချင်း၊ အက (ကချင်)
- **၀၆:၄၅** မြန်မာသံစဉ်တေးများ
- **၀၇:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'မုသားနောက်ကွယ်'** (အပိုင်း-၆)
- **၀၇:၅၀** ဇာတ်သဘင် **'ပင်းကူသနှင့် ပဘဝတီဇာတ်တော်ကြီး'** (ပထမပိုင်း)
- **၀၈:၄၀** ချစ်စရာအရွယ်ကစားကြမယ်
- **၀၉:၀၀** မြန်မာရုပ်ရှင် (ဆေးရောင်စုံ) **'သုံးသုံးလီချစ်'**

**MRTV NRC**

- **ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)** စာပေစကားပြောကြရအောင် (အပိုင်း-၁)
- **အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** မြန်မာ့ရိုးရာလက်မှုပညာ ပုသိမ်ထီးလုပ်ငန်း
- **အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** မွန်မြတ်သဒ္ဓါကျောက်ကာလပ်စေတီဒီသာ
- **ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** ကလေးများပုန်းကြည့်ခြင်းနှင့်ပတ်သက်ပြီး သတိပြုရမည့်အကြောင်း
- **ချင်း (ဒိုင်ယူ) (၁၀:၀၀ မှ ၁၁:၀၀)** တောင်ပေါ်ရွာကလေးရဲ့စုပေါင်းဟုန်းထုငါးဖမ်းခြင်း
- **မွန် (၁၁:၀၀ မှ ၁၃:၀၀)** ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
- **ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** မြို့ပဒေသာ (ဘသာနှင့်အိတ်ဖိုး)
- **ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** သူတို့ဒေသ သူတို့ဘဝ (ဝန်းမော်မြေမှရှမ်းရိုးရာ)
- **ဝ (၁၇:၀၀ မှ ၁၉:၀၀)** ကွမ်းရွက်စိုက်ပျိုးခြင်း
- **ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ရေခြားမြေကွာအခက်ခဲကြားမှ ကျရာတာဝန် ကျေပွန်ကြသူများ (အပိုင်း-၃)
- **ကယား (၂၁:၀၀ မှ ၂၃:၀၀)** ကယားအမျိုးသားတို့၏ အဲ့ဒိုပေါ်ဗီအကအကြောင်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၁၅** Next Level
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၄၅** စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ (ရုရှားနိုင်ငံ)
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ရာသက်ပန်ပေါင်းဖို့ရန်ရည်ရွယ်မှုသာ'**
- **၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
- **၁၁:၃၀** ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၇၉)

**MRTV FARMERS' HD**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၁၅** စက်မှုလယ်ယာစနစ်ကိုဦးတည် မြို့သစ်မြို့နယ်က ကိုရုံတောင်ကျေးရွာဆီ
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၈:၂၀** Modern Agriculture Machines That Are At Another Level 4
- **၁၈:၃၅** The Birth Of Sake
- **၂၀:၀၀** ရင်ထဲကရွှေနန်းကျင် (ဇာတ်လမ်း)
- **၂၂:၀၀** Harchi A dog's Tale (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
- **၀၆:၄၅** Weekly Sports Info
- **၀၇:၄၅** Weekend News
- **၁၂:၀၀** AYA Bank Women Futsal League Winner Generation FC Vs YRG FC
- **၁၇:၀၀** အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြ ဆရာမတစ်ဦး သေဆုံး

နေပြည်တော် ဩဂုတ် ၂

PDF အမည်ခံအစွန်းရောက် အကြမ်းဖက်သမားများ အနေဖြင့် ပညာရေးဆိုင်ရာ ရုံး ဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြဆရာမတစ်ဦး သေဆုံးမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဆည်ရွာကျေးရွာ၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဇူလိုင် ၃၁ ရက် ည ၁၂ နာရီခွဲတွင် အဆိုပါကျေးရွာနေ ဆည်ရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ မူလတန်းပြ ဆရာမဖြစ်သူ ဒေါ်ဝါဝါမိုး (၄၀) နှစ်သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်သွားခဲ့သဖြင့် ဒေါ်ဝါဝါမိုးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်အား ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေကူမြို့နယ်၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူသုံးဦး သေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၂

အကြမ်းဖက်အဖွဲ့များသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် ၎င်းတို့အပေါ် အကြောက်တရားများ လွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွှေကူမြို့အတွင်းသို့ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ရွှေကူမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ "သိန်းကမ္ဘာ"သံတို/သံစရောင်းဝယ်ရေးဆိုင်ရှေ့သို့ ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် အမှတ်(၁)ရပ်ကွက်နေ အခြေခံပညာအလယ်တန်းကျောင်း(ခုံခမ်း)မှ ကျောင်းသားများဖြစ်သော မောင်မျိုးသော်တာအောင်(၁၂)နှစ်၊ မောင်လင်းရဝေအောင်(၈)နှစ်နှင့် အမှတ်(၁)ရပ်ကွက်နေ ဦးအောင်ကျော်ဦး(၄၉)နှစ်တို့တွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး တစ်ရပ်ကွက်တည်းနေသူများဖြစ်ကြသည့် အခြေခံပညာအလယ်တန်းကျောင်း(ခုံခမ်း)မှ ကျောင်းသားဖြစ်သူ မောင်ပိုင်ခန့်ကိုကို(၁၃)နှစ်၊ ဦးစိုးနိုင်ဦး(၄၁)နှစ်၊ ဒေါ်ခင်မာလွင် (၆၂)နှစ်၊ ဒေါ်ဝင်းသန္တာ(၂၆)နှစ်၊ မောင်ဝေယံမွန်(၁၅)နှစ်နှင့် ဒေါ်ခင်မြင့်(ခ)ခင်ဦး(၅၃)နှစ်တို့တွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရား ကင်းမဲ့စွာ ပြုလုပ်နေမှုများကြောင့် ကလေးသူငယ်များအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူများ သေဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောက်ပန်းတောင်းမြို့နယ်၌ မီးဘေးအန္တရာယ်နှင့် ငလျင်ဘေး အသိပညာပေးဟောပြော

ကျောက်ပန်းတောင်း ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း) ခန်းမ၌ ကျင်းပသည်။

ဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း) ကျောင်းအုပ်ကြီး ဒေါက်တာရီရီမွန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးသန်းမြင့်က မီးဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာစနစ်များ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးသတ်ဥပဒေ၊ နည်းဥပဒေများ၊ မီးသတ်ဆေးဘူးသုံးစွဲနည်းများနှင့် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့်အကြောင်းအရာများကို အသိပညာပေးဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်နည်း၊ မီးငြိမ်းသတ်နည်းသရုပ်ပြသကာ ကျောင်းသား ကျောင်းသူများက လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သဲသဲ**

## UID (စမတ်ကတ်) လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသည့် အဘိုး အဘွားများအား အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေး

မိတ္ထီလာ ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ပင်စင်ထုတ်ယူရာတွင် လွယ်လင့်တကူဖြစ်စေရေးအတွက် UID(စမတ်ကတ်)များကို ဆောင်ရွက် ပေးလျက်ရှိရာ လာရောက်ဆောင်ရွက်နိုင်ခြင်း မရှိသည့် အဘိုး အဘွားများအား ဇူလိုင် ၃၁ ရက်က အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးငွေဝင်းနှင့် ဝန်ထမ်းများက UID(စမတ်ကတ်)များကို မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာခရိုင်ဘဏ်ခွဲတွင်လည်း လစဉ် ၂၀ ရက်မှ လကုန်ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဦးစီးမှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာခရိုင်ဘဏ်ခွဲသို့ ကျန်းမာရေးမကောင်း၍ UID(စမတ်ကတ်)များ လာရောက်ဆောင်ရွက်နိုင်ခြင်း မရှိသည့် အောင်ဆန်းရပ်ကွက်နှင့် ပေါက်ချောင်းရပ်ကွက်တို့ရှိ အဘိုး အဘွား ၁၂ ဦးအား အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မိတ္ထီလာမြို့မဈေးကြီးအတွင်း၌ စွန့်ပစ်အမှိုက်ခွဲခြားစွန့်ပစ်မှု သရုပ်ပြ

မိတ္ထီလာ ဩဂုတ် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့မဈေးကြီးအတွင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ပူးပေါင်း၍ စွန့်ပစ်အမှိုက်ခွဲခြားစွန့်ပစ်မှုသရုပ်ပြပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပသည်။

ဦးစွာ ဈေးကြီးအတွင်း ဈေးရောင်းချသူများနှင့်ဈေးဝယ်လာသူများအား စွန့်ပစ်အမှိုက်ခွဲခြားစွန့်ပစ်မှုဆိုင်ရာများကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက အသိပညာပေးပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်က စွန့်ပစ်အမှိုက်ခွဲခြားစွန့်ပစ်မှုသရုပ်ပြပွဲကို ပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်ကြရန် အသိပညာပေးဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့မဈေးကြီးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူများက ဘေးအန္တရာယ်ရှိ အမှိုက်၊ အမှိုက်ခြောက်၊ အမှိုက်စိုနှင့် ပလတ်စတစ်အမှိုက် အမှိုက်လေးမျိုးကို



အရောင်ခွဲခြားသတ်မှတ်ထားသည့် အမှိုက်ပုံးများတွင် လက်တွေ့ပါဝင် စွန့်ပစ်ခြင်းကို ပြုလုပ်ကြရာ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ တက်ရောက်လာကြသူများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

❖ ၂၀၂၆ မှ

ခြေစစ်ပွဲ အုပ်စု(D) ပွဲစဉ်များကို တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် သုံးပွဲစလုံး ပထမပွဲ ကစားမည်ဖြစ်သည်။ ဩဂုတ် ၆ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ ည ၇ နာရီတွင် အိန္ဒိယအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဩဂုတ် ၈ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ည ၇ နာရီတွင် တာ့ခ်မင်နစ္စတန်အသင်းနှင့် အိန္ဒိယအသင်း၊ ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်း၊ ည ၇ နာရီတွင် အင်ဒိုနီးရှားအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးသုံးသင်း စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်လျက်ရှိသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ (အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းက ကယားပြည်နယ် အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။

(အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ် ၃ ရက် နံနက် ၉ နာရီမှစတင်၍ (အမျိုးသား/အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်အဖြစ် (အမျိုးသား/အမျိုးသမီး)ပွဲစဉ်များအပြီးတွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။



အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ပုဗ္ဗသီရိမြို့နယ်၌ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၂

တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁ ရက်က ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စု ဖြုတ်ခွဲဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ဖြုတ်ခွဲကျေးရွာအုပ်စုမှ တောင်သူ ၈၀ တက်ရောက်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ပုဗ္ဗသီရိမြို့နယ်ရှိ လယ်ယာမြေများပေါ်တွင် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စွမ်းအားတိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်မှ မြေအသုံးချရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲ၊ စိုက်ပျိုးပညာပေးရေးဌာနခွဲနှင့် သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင် ဦးဆောင်သည့် ပညာရှင်အဖွဲ့က တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ မျိုးကောင်း၊ မျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်သည့် သီးနှံပုံစံများ၊ ရိုးပြတ်များ အမြန်ဆွေးမြည့်ရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မြေဆီလွှာနှင့်ရေစီမံခန့်ခွဲရေးနည်းလမ်းများ၊ မြေဩဇာစနစ်တကျထည့်သွင်းအသုံးပြုခြင်းနည်းလမ်းများ၊ ပိုးမွှားရောဂါနှင့်ပေါင်းမြက်များအား ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ပညာပေးဆွေးနွေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၈-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၀ | ၂၉၉၅ | ၂၉၆၀ | ၂၈၉၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၅၀ | ၄၅၀၅ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၀ | ၃၀၄၀ | ၃၀၀၅ | ၃၀၂၅ | ၃၂၈၅ |
| 95 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၅ | ၃၃၄၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၂၅ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |
| HSD (10 ppm) | ၃၃၆၀ | ၃၄၇၅ | ၃၄၄၀ | ၃၃၇၅ | ၃၄၈၀ | ၃၄၉၅ | ၃၅၁၀ | ၃၄၃၀ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၀ | ၃၅၂၀ | ၃၄၈၅ | ၃၅၀၅ | ၃၇၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၅ | ၂၈၀၃ |
| 95 Ron | ၂၇၆၉ | ၂၈၅၈ |
| HSD (500 ppm) | ၂၅၅၂ | ၂၆၃၃ |
| HSD (50 ppm) | ၃၁၇၉ | ၃၂၇၂ |
| HSD (10 ppm) | ၃၁၇၉ | ၃၂၇၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သီသီခိုင်က အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြင့်မြင့်ရီ**

● ONE Friday မှ

ပထမဆုံး Main Event ထိုးသတ်ခွင့်ရရှိခြင်းဖြစ်သည်။ ဆွန်ရက်သည် ONE နှင့် ၁၂ ပွဲထိုးသတ်ထားရာ ခုနစ်ပွဲနိုင် ငါးပွဲရှုံးနိမ့်ထားသည်။ ဆာမီဒမ်မှာမူ ONE နှင့် ကိုးပွဲထိုးသတ်ထားရာ ခြောက်ပွဲနိုင်၊ သုံးပွဲရှုံးနိမ့်ထားပြီး မြန်မာဖိုက်တာ မိုးထက်အောင်ကို အမှတ်ဖြင့် အနိုင်ရဖူးသူဖြစ်သည်။

စိန်လုံးချောသည် ထိုင်းဖိုက်တာ ဆာနစ်လုသမ်နှင့် ထိုးသတ်ရမည်ဖြစ်သည်။ စိန်လုံးချောနှင့် ဆာနစ်လုသမ်တွဲဆိုင်းကို ပွဲစဉ် (၇) တွင် ကျင်းပမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-ONE

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြင်ဆင်မွမ်းမံနေမှု မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားသော ရတနာပုဏ္ဏာဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြင်ဆင်မွမ်းမံဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်ငယ်-ထုံးဘို တိုးဂိတ်သို့ရောက်ရှိပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော မန္တလေးတက္ကသိုလ်ပင်မဆောင် အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြားသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး (မန္တလေး)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

သတင်းစဉ်





ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးအတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဒလမြို့နယ် တံတားချောင်းကျေးရွာအုပ်စု ဒလ-ခနောင် ဆက်သွယ်ရေးလမ်းမ ဘေးဝဲ/ယာတွင် ဇူလိုင် ၃၀ ရက်က ကျင်းပရာ စိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူစဉ်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အကြို ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ စတုတ္ထပတ်က အမှတ်(၁)ရပ်ကွက် တစ်ဖက်ကမ်းရှိသောင်ပြင်၌ ကျင်းပရာ ငပုတောမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထွန်းနိုင်နှင့် သစ်တောဝန်ထမ်းများ၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ရေခယား၊ သမဲ့၊ ကန့်ပလာပင် စုစုပေါင်းအပင် ၁၂၁၀ အား စုပေါင်းစိုက်ပျိုးပေးစဉ်။

ဟိုင်းကြီးကျွန်း(ပြန်/ဆက်)

## ဥတ္တရသီရိမြို့နယ် သဲကျွန်းကျေးရွာ ပညာ့ဗိမာန် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်လှစ်

**ဥတ္တရသီရိ ဩဂုတ် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာ "ပညာ့ဗိမာန်" စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး**

ဦးစွာ မင်းကုန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာ "ပညာ့ဗိမာန်" စာကြည့်တိုက် အဆောက်အအုံ



သစ်ကို ဥတ္တရသီရိမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်မှူး ဦးထွန်းထွန်းစိုးထံ စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များပေးအပ်ကာ စာကြည့်တိုက်အတွင်း ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှု လေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

## ဟသ်ာတမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်

**ဟသ်ာတ ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီက ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်းနှင့် သီးနှံအာမခံထားရှိခြင်း အခမ်းအနား ပြုလုပ်သည်။

အခမ်းအနားသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဧရာဝတီတိုင်းဒေသကြီး တိုင်းမန်နေဂျာ ဦးဝင်းနိုင်၊ ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဦးဝင်းငွေမောင်၊ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမန်နေဂျာဦးဝင်းနိုင်က ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရေးနှင့်ပတ်သက်၍ တောင်သူများ သိသင့်သိထိုက်သည့် အချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာ့အာမခံလုပ်ငန်း ဟသ်ာတခရိုင်တာဝန်ခံ ဦးဝင်းငွေမောင်က သီးနှံအာမခံထားရှိရေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်နှင့်မြို့နယ်အဆင့်တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအား ပေးအပ်ရာ ကျေးရွာအုပ်စုများမှ တက်ရောက်လာကြသော တောင်သူများက လက်ခံရယူကြကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**





တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာရှိ ရွှေဟသ်ာစာကြည့်တိုက် အဆောက်အအုံသစ်ကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

တင်စိုးလွင်




ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွဋ်ဦး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ ပစ်တိုင်းထောင်လူမှုကူညီကယ်ဆယ်ရေးအသင်းမှ အသင်းသားများက မီးဘေးလုံခြုံရေးနှင့် ငလျင်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။

ခရိုင်(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# (၇၇)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ၌ မျိုးစေ့ဥပဒေဆိုင်ရာသိကောင်းစရာများခေါင်းစဉ်ဖြင့် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂**

လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးလုပ်ကိုင်သူများအားလုံး ထဲထဲဝင်ဝင်သိရှိလိုက်နာရေးနှင့် ဥပဒေ၏ အကာအကွယ်ကို ခံယူနိုင်ကြစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းလမ်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ကျင်းပသည့် တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် သက်ဆိုင်ရာပညာရှင်များက မျိုးစေ့ဥပဒေဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ရေးတွင် တောင်သူများသုံးစွဲသည့်မျိုးကို ကိုယ်တိုင်မျိုးစေ့ထုတ်နိုင်ရေးသည် အထူးအရေးကြီးပါကြောင်း၊ ပညာရှင်များအနေဖြင့် သီအိုရီကိုအခြေခံသည့် မျိုးစေ့ထုတ်နည်းစနစ်များကို လက်တွေ့အသုံးချမှုနယ်ပယ်နှင့်ကိုက်ညီသည့် ပုံစံဖြစ်အောင် ဆန်းသစ်တီထွင်၍ တောင်သူများ၏ အကျိုးစီးပွားအလို့ငှာ တောင်သူကိုယ်တိုင် မျိုးစေ့ထုတ်နိုင်ရေး ကူညီပေးစေလိုပါကြောင်း၊ မျိုးစေ့ထုတ်လုပ်ရာတွင်လည်း သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးထုတ်လုပ်ရန်လိုကြောင်း၊ အထူးအလေးထားဆောင်ရွက်ရန် မှာကြားလိုသည်မှာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သီးနှံမျိုးသစ်တစ်မျိုးကို မျိုးစေ့ကော်မတီမှ အတည်ပြုပြီး စတင်ဖြန့်ဝေခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်သည့်အချိန်မှစ၍ အဆိုပါမျိုးနှင့်ပတ်သက်သည့် အရည်အချင်းလက္ခဏာများ၊ ထူးခြားချက်များကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများအား ဆရာဖြစ်သင်တန်း(TOT) သင်တန်းပေးရမည်ဖြစ်ကာ ဆင့်ပွားသင်တန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုနှစ်မှစ၍ မျိုးစေ့ခြံတိုင်းမှထုတ်သည့် မျိုးတိုင်းသည် မျိုးစေ့ဖြစ်အောင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း အွန်လိုင်းမှ ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲမှ ပညာရှင်တစ်ဦးက မျိုးစေ့ဥပဒေဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးတင်ပြပြီး တောင်သူများ၏ မေးမြန်းချက်များကို အသေးစိတ် ဖြေကြားဆွေးနွေးသည်။

(၇၇) ကြိမ်မြောက်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်နှင့် သုတေသီများ၊ နေပြည်တော် ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိမြို့နယ်တို့မှ တောင်သူ ၂၆ ဦး၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၅၁ ဦး တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပညာရှင်နှင့် တောင်သူ ၁၅၆ ဦးတို့က zoon point ၁၀၀ မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## တန့်ယန်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြသစိုက်ပျိုး

**တန့်ယန်း ဩဂုတ် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ လက်ဆွဲကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြသစိုက်ပျိုးပွဲကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တောင်သူ ဦးအိုက်ကတ်၏ မိုးစပါးပန်းတိုင်အထွက်နှုန်းထွက်ရှိရေး စံပြကွက် ၁၀ ဧက၌ ကျင်းပသည်။

အဆိုပါ လက်ဆွဲကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြသစိုက်ပျိုးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လက်ဆွဲကောက်စိုက်စက်အကြောင်းနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ ဆောင်ရွက်ပေးနေမှုအခြေအနေများအကြောင်း ရှင်းလင်းပြောကြားကာ ယူရီးယားဓာတ်မြေဩဇာ၊ ကွန်ပေါင်းမြေဩဇာ၊ သဘာဝမြေဩဇာများ ပေးအပ်၍ လက်ဆွဲကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

## အောင်နိုင်တိုးမျိုးစပါး စိုက်ပျိုးရန်အတွက် မြေပြင်ခြင်း ကွင်းဆင်းကြည့်ရှု

**ဇမ္ဗူသီရိ ဩဂုတ် ၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်းကျေးရွာရှိလယ်ယာဂုဏ်ဆောင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးကျော်မြင့်ဦး၏ စိုက်ကေ ၁ ဒသမ ၅၀ ဧကတွင် မိုးစပါး အောင်နိုင်တိုးမျိုးစပါး စိုက်ပျိုးရန်အတွက် မြေပြင်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။



**ဆွေးနွေးမှာကြား**

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် နေပြည်တော် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိုးစပါးအထွက်နှုန်းရည်မှန်းချက် ပန်းတိုင်ပြည့်မီစေရေးနှင့် မိုးစပါးအောင်နိုင်တိုးမျိုးစပါး စိုက်ပျိုးရန်အတွက် မြေပြင်ခြင်းတို့နှင့် ပတ်သက်၍ တာဝန်ရှိသူများ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**နီလာ(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်၌ သီးနှံမျိုးစုံ ပန်းတိုင်အထွက်ရရှိရေး တောင်သူပညာပေးဆွေးနွေး

**ကျွန်းလှ ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးအပြင် သီးနှံမျိုးစုံစိုက်ပျိုးကြရာ သီးနှံအလိုက် ပန်းတိုင်အထွက်ရရှိရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ကန့်ဘလူမြို့ အမှတ်(၁)ရက်ကွက်၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အဆိုပါ ဆွေးနွေးပွဲတွင် ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်တို့က မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းများဖြင့် စိုက်ပျိုးရေး၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ လိုက်နာကျင့်သုံးရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ ဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂**

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

## ကန်ကြီးထောင့်မြို့နယ်၌ နယူးရော-၁၁ စပ်မျိုးစပါး စံပြကွက်စိုက်ပျိုးခြင်း သရုပ်ပြ



**ကန်ကြီးထောင့် ဩဂုတ် ၂**

ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့် မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးပန်းတိုင် အထွက်နှုန်း ကျော်လွန်ထွက်ရှိရေးအတွက် နယူးရော-၁၁ စပ်မျိုးစပါး စံပြကွက် စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင်လ နောက်ဆုံးပတ်က ကွင်းယားအရှေ့ကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးသိန်းနိုင်စိုးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းယားအရှေ့ကျေးရွာရှိ တောင်သူ ဦးဆန်းဦး၏ လယ်ဧရိယာ နှစ်ဧကတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိရေး အတွက် နယူးရော-၁၁ စပ်မျိုးစပါး စံပြကွက် စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ပေးအပ်**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်စိုးတို့က အဆိုပါ လယ်ယာမြေများအတွင်း စပါးစိုက်ပျိုးကြသည့် ကောက်စိုက် သူများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၇၉)၊ မြေကွက်အမှတ် (၁၃၅၃)၊ အကျယ်ပေ (၄၀x၆၀)ရှိ ဒေါ်သော်တာနှင်း [၁၂/သကတ(နိုင်) ၁၆၁၂၆၄] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကို အမည်ပေါက် ဒေါ်သော်တာနှင်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ဆုမွန် [၁၂/ဥကမ(နိုင်) ၂၀၃၁၀၉] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၆၉၁ / ၂၇–၂–၂၀၁၄)**
**အမှတ် (၁၈၇)၊ လမ်းမတော်လမ်း၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၀၀၀၉၄၆၃၊ ၀၉–၇၉၈၄၀၆၃၇၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈)၊ ဦးပိုင်အမှတ် (၁)၊ ၅၁x၅၂ ကြား၊ ၁၁၂x၁၁၃ လမ်းကြားရှိတောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးအောင်ကျော်မြင့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၄၄၅၈/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ရီရီစန်း [၉/မရတ(နိုင်)၀၈၇၆၇၄]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၆၂၄/၂၀၂၅–၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သုရသတီလမ်း၊ မြေကွက် အမှတ်(၁၃/ကံဘဲ့)၊ မြေတိုင်းရပ်ကွက် အမှတ်–(၇/ဠ)၊တိုက်အမှတ်(၅၄)၊ အခန်းအမှတ်(A–002)၊ ၇ ထပ်တိုက်၏ မြေညီထပ် တိုက်ကိုမျက်နှာမူလျှင် (လက်ယာဘက်)တိုက်ခန်း၊ အကျယ်အဝန်း (အလျားxအနံ) (၁၆x၅၀)ပေရှိ ရေမီးအစုံပါ တိုက်ခန်း တစ်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စန်း [၁၂/မရက(နိုင်)၀၃၉၉၂၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့်မောင်[၈/ခမန(နိုင်)၁၇၈၆၁၅]နှင့် ဦးအောင်ဖြိုးဝေ [၈/ခမန(နိုင်)၁၉၇၂၀၁]တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဝင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၅၆၅)**
**အမှတ်–(17/21)၊ မြေညီထပ်၊ ၃၅ လမ်း(အောက်) (၃)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၄၄၄၅၄၉၈၉၉၊၀၉–၇၆၂၂၈၃၆၅၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း(၃)၊ ငမိုးရိပ် (၄)လမ်း၊ အမှတ်(၅၃၀)မြေကွက်၏ မြေကွက်ပိုင်ဆိုင်မှုအစု(၃/၄)နှင့် ယင်းမြေကွက်ကြီးပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၅)ထပ်တိုက် အဆောက်အဦ၏ တတိယထပ်(၄)လွှာ၊ (ဝဲဘက်ခန်း)ရှိသော တိုက်ခန်းတို့ကို တရားဝင်ပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာသူများဖြစ်သည့် ဦးတင်ကိုလတ် [၁၂/သဃက(နိုင်)၁၆၉၉၁၅]နှင့် ဦးစန်းထွန်းအောင် [၁၂/သဃက(နိုင်)၁၉၁၁၈၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုလှိုင်အောင် [၁၂/သဃက(နိုင်)၁၈၂၅၇၅]က ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသူအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၆၅၅)**
**ရုံးအမှတ်– ၁၄၈၅၊ ဟေမဝန်လမ်း၊ (၂၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၄၂၁၁၆၄၄၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၄ အက်ဖ်ဂျီ မြေကွက်အမှတ်– ၆၇၄၊ ၁၅၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်– ၆၇၄၊ ကဝိပုညလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးတင်ညွန့် [၁၂/တမန(နိုင်)၀၈၈၁၃၅] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်ညွန့်(ဖခင်)နှင့် ဒေါ်သောင်း(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဦးဇော်မြင့်[၁၂/ရကန (နိုင်)၀၀၉၁၅၃]၊ ဒေါ်အေးအေးမာ [၁၂/တမန(နိုင်)၀၃၅၂၃] တို့မှ ကွယ်လွန်သူမိဘများတွင် သားသမီးအရင်းများအဖြစ် မိမိတို့မောင်နှမ (၂)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး မိမိတို့မှလွဲ၍ အခြားသောသားသမီး မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ မိမိတို့မောင်နှမ(၂)ဦးတည်းကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ၂၁–၃–၂၀၂၅ ရက်စွဲပါတရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၅–ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်– ၄၇၆ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်– ၄၅၊ မြေကွက်အမှတ်– ၄၇၆၊ ဧရိယာ (၀.၀၅၅) ဧက အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်သန်းလှ [၁၂/အစန(နိုင်)၁၁၈၅၆၄] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သိင်္ဂီစော [၁၁/စတန(နိုင်)၀၀၂၇၃]က ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆိုင်၊ အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လွဲ့လွဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၃၂)**
**အမှတ်–၁၆၇ (မြေညီထပ်)၊ ၃၈–လမ်း (အလယ်)၊ ၆–ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၁၄၃၂၃၂ ၊ ၀၉–၇၉၉၅၉၅၅၀၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ ဗိုလ်မြတ်ထွန်းလမ်း၊ မြေကွက်အမှတ် (၃၄၀)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ) အနက်မှ အကျယ်အဝန်း (၂၀ပေx ၆၀ပေ) မြေကွက်အမှတ် (၃၄၁)နှင့် ကပ်လျက်ပါမစ်မြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ယခုရောင်းချသူက အရပ်ကတိစာချုပ်အဆက်စပ်များဖြင့် လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နှင်းဝတ်မှုံဖြိုး [၁၂/ဥကမ(နိုင်) ၁၉၂၇၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဦးကြူလှိုင်စိုး [၉/တသန(နိုင်) ၁၁၅၅၆၄]၊ ဒေါ်လွင်မာသင်း [၉/ဝတန(နိုင်) ၁၄၀၆၇၉]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိလှိုင် [LL.B, C.B.L, D.B.L, LQB(UK), B.D.S, E.D.S]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၂၆၀)**
**အမှတ် (၂၀၉/က)၊ အကောက်ခွန် (၇)လမ်း၊ ၃၉/ဘီ ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း– ၀၉–၄၃၁၁၃၃၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်–၁၄၊ အမှတ်– ၉၁၊ အခန်း–၁၀၂ နေ ကျွန်ုပ်မိတ်ဆွေ ဦးပြည့်ဖြိုးအောင် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

တိုက်အမှတ်–(၄၅၉/၄၆၉)ဟု ခေါ်တွင်သော (၈)ခန်းတွဲ (၈)ထပ်တိုက် အဆောက်အအုံ၏မျက်နှာမူလျှင် တောင်အရပ်၊ အလွှာ–၂/D၊ အခန်းအမှတ်–(D–3) အောက်ပုဇွန်တောင် လမ်းမကြီး၊ (၅)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်စန်းစန်းရင်(ခ)မလင့်လင့် [၁/မကန(နိုင်)၀၂၈၄၀၂] ပိုင်ဆိုင်လက်ရှိဖြစ်၍ မိမိသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆက်လက်မပြုလုပ်သင့်ကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာခြည်ဝင်း(LL.B,LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၂၉၁)**
**တိုက်–(၇)၊ အခန်း–(၈)၊ မြေညီ၊ နေကြာသာယာကုန်းလမ်း၊**
**ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၁၃၀၉၇၃၊ ၀၉–၆၉၀၇၃၀၉၇၃**

## တွံတေးမြို့နယ်ရှိမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရွှေဆံတော်ရပ်ကွက်၊ ရွှေဆံတော် (၁၂)၊ သဇင်လမ်း၊ အမှတ်(–) ဟုခေါ်တွင်သော အလျားxအနံ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ အတူပါရှိသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်ပြီး အကျိုးခံစားပိုင်ဆိုင်ကြောင်းနှင့် စီမံခန့်ခွဲခွင့်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးအောင်နိုင်ထွေး (ဘ) ဦးလှညို နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/တတန(နိုင်)၁၆၀၉၉၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ အနေဖြင့် ဝယ်ယူရန် စရန်ငွေအချို့(ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါ၍ ဖော်ပြပါမြေကွက် အရောင်းအဝယ်ပြုလုပ်ရာ၌ အကျိုးခံစား၊ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား စာမှတ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ပြီး မြေကွက်အား လက်ရောက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ချိုချိုမွေး(စဉ်–၁၀၅၃၅)** | **ဒေါ်တင်တင်ဝင်း(စဉ်–၁၇၅၆၅)** |
| **(LL.B.,D.B.L.,D.I.L.,D.M.L)** | **(LL.B,D.B.L)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၁၇/၂၁၊ မြေညီထပ်၊ ၃၅–လမ်း(အောက်ဘလောက်)၊ (၃)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၀၈၂၅၆၈၊ ၀၉–၇၅၅၃၉၇၉၉၂၊ ၀၉–၄၄၄၅၄၉၈၉၉**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပညာမေဒ်ကွန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းမင်းလတ်၏ သမီး မယွန်းပွင့်ဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ (၇–၇–၂၀၀၇) ဖြစ်ပါကြောင်း။

## ရောင်းမည်။

ညောင်ဦးမြို့
အောင်မြေသာရပ်
(160' x 160')
ဟိုတယ်လိုင်စင်ပါ၊ ဂရန်ပါ
ရောင်းမည်။
ညောင်ဦးမြို့၊ဇေယျဝတီရပ်
(90' x 90') ဂရန်ပါ
မြေကွက် ရောင်းမည်။
**09–5006554, 09–778006554**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်– (ငင–၄)၊ ဦးပိုင်အမှတ်– (၉၁)၊ ၅၆လမ်း၊ ၁၀၄x၁၀၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အောင်မေ [၉/မရမ(နိုင်) ၀၆၆၆၉၈]က အမှုတွဲအမှတ် (၁၆၃၈ / ၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စော/မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၁၈၉)၊ (၂) ခန်းတွဲ (၄)ထပ်တိုက်၏ မြေညီထပ်၊ (ခေါင်းရင်းခန်း)၊ တစ်ခန်းလျှင် (၁၂ ၃/၄ x၅၀)ပေ အကျယ်အဝန်းရှိ တိုက်ခန်းသည် ဦးအောင်သိုက် [၁၂/အလန (နိုင်) ၀၃၇၉၀၂]မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ ၎င်းမှ အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးလှဝေ (စဉ်–၇၁၂၄)** | **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်–၈၇၉၁)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၇)၊ ဦးပိုင်အမှတ်(၂၅+၂၇)၊ ၉၀x၉၁လမ်းကြား၊ ၃၁x၃၂လမ်းကြားရှိ ဒေါ်သန်းခင် အမည်ပေါက် ဘိုးဘမြေကွက်အား မိခင် ဒေါ်သန်းခင်၊ ဖခင် ဦးဒေဘော်တို့၌ ဦးရွှေမိုး၊ ဦးကျော်ညွန့်၊ ဒေါ်ခင်မြမြ၊ ဒေါ်ခင်လှလှ၊ ဦးကျော်ဝင်း၊ ဒေါ်မြမြစိန်၊ ဒေါ်ဝင်းမြင့်တို့ သားသမီး (၇)ဦး မွေးဖွားခဲ့ပြီး ဖခင် ဦးဒေဘော်၊ မိခင် ဒေါ်သန်းခင်၊ သား ဦးကျော်ညွန့်(လူပျိုဘဝ)၊ သမီး ဒေါ်ခင်လှလှ(အပျိုဘဝ)၊ သား ဦးကျော်ဝင်း(လူပျိုဘဝ)တို့ ကွယ်လွန်၍ ဟိန္ဒူဓလေ့ထုံးတမ်းအရ ဆက်ခံခွင့်ရှိသူ ကျန်ရစ်သည့်သား တစ်ဦးတည်းသောသား ဦးရွှေမိုး [၉/မနတ(နိုင်) ၀၄၈၅၈၉]က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ တိုက်အမှတ်(R–62)၊ အခန်း(၂၀၂)၊ ပထမထပ်၊ အကျယ်အဝန်း (၃၅. ၂ ပေx ၃၆. ၃ပေ) နှင့်ပတ်သက်၍ (Brilliance Mansion) ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

၁။ အထက်ရည်ညွှန်းလိပ်စာဖော်ပြပါ ကွန်ဒိုတိုက်ခန်းကို **BOT** စနစ်ဖြင့် **Red– Roof Investment Company** မှ နှစ်(၇၀) ငှားရမ်းဆောက်လုပ်ပြီး တိုက်ခန်း အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပိုင်ဆိုင်ကြောင်းတာဝန်ယူလျက် ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်ကိုကို [၁၂/လမတ(နိုင်)၀၃၃၈၈၁]အား ကမ်းလှမ်းခဲ့ပါသည်။ ဝယ်သူက ဝယ်ရန်သဘောတူသဖြင့် ရောင်းချသော တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုတိုက်ခန်း ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ထိုတိုက်ခန်းပိုင်ဆိုင်မှု၏ စာချုပ်မူရင်းနှင့်တကွ ဆက်စပ်စာချုပ်များကိုတင်ပြပြီး ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၈၄၅)**
**အမှတ်(၃၁)၊ မြေညီထပ်၊ ၉–လမ်း၊ ၄–ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉–၇၇၂၆၅၂၄၁၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ ပညာတန်ဆောင်လမ်း၊ မြေကွက်အမှတ်(၂၆)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအုန်းခင် (AC–၀၀၀၅၅၉)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်အေးမူသိန်း [၇/သနပ(နိုင်)၀၆၆၂၀၅]**သည် **“နှစ်ဦးသဘောတူ အဆင့်ဆင့်ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်”**များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** | |
| **(စဉ်– ၁၁၄၀၆)** | **(စဉ်–၅၆၆၆၂)** | |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်ပန်းသဇင်ကျော်** | **ဒေါ်သက်ထားခိုင်(LL.B)** |
| | **(စဉ်– ၅၆၈၂၃)** | **(စဉ်– ၅၆၈၇၅)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ပင်းယ(၂)လမ်း၊ မြေကွက်အမှတ်(၁၂၈၁)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးတင်ရွှေ(CE–၀၅၂၂၃၁)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီးအမည်ပေါက်ထံမှ **ဦးဝင်းမော် [၉/မထလ(နိုင်)၂၀၀၅၄၄]**သည် **“နှစ်ဦးသဘောတူ အဆင့်ဆင့်ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်”**များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B)** | |
| **(စဉ်–၁၁၄၀၆)** | **(စဉ်–၅၆၆၆၂)** | |
| **တရားလွှတ်တော်ရှေ့နေ** | **ဒေါ်ပန်းသဇင်ကျော်** | **ဒေါ်သက်ထားခိုင်(LL.B)** |
| | **(စဉ်–၅၆၈၂၃)** | **(စဉ်–၅၆၈၇၅)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉–၄၃၁၁၄၆၅၄ ၊ ၀၉–၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၈၁၅)ဟုခေါ်တွင်သော ဦးကျင်သန်း (PGU–၀၈၃၃၆၄) အမည်ပေါက် ပါမစ်မြေအမျိုးအစား အကျယ်အဝန်း (၄၀x၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၅x၆၀) ပေရှိ မြေကွက်အမှတ်(၈၁၇)နှင့်ကပ်လျက်(ပါမစ်မူရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်သီတာအေး[၇/တငန(နိုင်)၁၀၄၆၆၀]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၀၇၆၆)**
**အမှတ်(A–3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ 09–454153474**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ လာဝတီကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်- ၃၈၆(စလူစမ်းအရှေ့)၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ(၄.၆၃)ဧကရှိဥယျာဉ်ခြံမြေကွက်ကြီး အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ဧရိယာ ( ၃.၄၈ ) ဧကရှိ ဦးဝင်းအောင် (ဘ) ဦးတင်မောင် (၁၂/ကမန(နိုင်)၀၁၃၉၅၂) အမည်ပေါက် ဥယျာဉ် ခြံမြေကွက်၊ ဦးပိုင်အမှတ် (၄၅)၊ ဧရိယာ(၀.၆၆)ဧကရှိ ဦးအေးမောင် (ဘ) ဦးထွန်းဆောင် (၁၂/ကမန(နိုင်)၀၈၇၀၆၆) အမည်ပေါက် ဥယျာဉ်ခြံမြေကွက်၊ ဦးပိုင်အမှတ် (၄၆)၊ ဧရိယာ(၀.၃၀)ဧကရှိ ဒေါ်စိန်း(ဘ) ဦးဘလှ(၁၂/ကမန(နိုင်)၁၀၉၁၀၂) အမည်ပေါက် ဥယျာဉ်ခြံမြေကွက်၊ စုစုပေါင်း (၄.၄၄)ဧကရှိ ဥယျာဉ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ အမည်ပေါက်သူများထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၁-၈-၂၀၂၅) ရက်နေ့က ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ချို(စဥ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်–(၈၈–၉)၊ ဦးပိုင်အမှတ်(၉၅)၊ ၅၁x၅၂ကြား၊ ၁၀၇x၁၀၈လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးဝင်း၏ (SP ရရှိသူ ဒေါ်နန်းခမ်းလူ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၆၂/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဂွန်းတုန်း[၁၃/ကခန(နိုင်)၀၈၂၈၁၈]က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် (၁၆၂၃/၂၀၂၅–၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်ချောစု [၁၂/မရက(နိုင်)၁၂၃၉၇၈] နှင့် အများသိစေရန် ကြေညာခြင်း

၁။ ကျွန်ုပ်၏မိတ်ဆွေ ဦးဒေါ်နယ်ဝင်းမြင့် [၁၂/မရက(နိုင်)၁၈၆၁၉၂]၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပေါင်းကူးရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် (၄၁) နေသူ၏ ညွှန်ကြားချက်အရ ဒေါ်ခင်ချောစုနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

၂။ ကျွန်ုပ်၏မိတ်ဆွေ ဦးဒေါ်နယ်ဝင်းမြင့်နှင့် ဒေါ်ခင်ချောစုတို့သည် လွန်ခဲ့သော (၁၉၉၉) ခုနှစ်ခန့်မှစ၍ အတူနေထိုင်ပေါင်းသင်းကြသည့် ဗုဒ္ဓဘာသာဝင်၊ မြန်မာလူမျိုးများဖြစ်ကြပါသည်။ ဒေါ်ခင်ချောစုသည် ကျွန်ုပ်၏မိတ်ဆွေနှင့်ပေါင်းသင်းနေထိုင်စဉ် ကျွန်ုပ်၏မိတ်ဆွေမှ စုဆောင်းထားသည့် ငွေကြေးများဆုံးရှုံးသွားခြင်း၊ အကြွေးတင် ဝင်ငွေမရရှိသည့်အခြေအနေတွင် ဒေါ်ခင်ချောစုသည်ကျွန်ုပ်၏မိတ်ဆွေ ဦးဒေါ်နယ်ဝင်းမြင့်အပေါ် ရိုင်းပျစွာဆက်ဆံလာခြင်း၊ မယားဝတ္တရားများ ပျက်ကွက်လာခြင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ကျန်းမာရေးမကောင်းသည့်အခြေအနေတွင် ပြုစုစောင့်ရှောက်ရန် ပျက်ကွက်ခြင်းများ ပြုလုပ်ခြင်းကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဒေါ်နယ်ဝင်းမြင့်သည် ကိုယ်စိတ်နှစ်ပါး ထိခိုက်ခံစားနေရသည့်အတွက် ဒေါ်ခင်ချောစုနှင့် ဆက်လက်ပေါင်းသင်းလိုခြင်းမရှိတော့ပါ။ ထို့ကြောင့် ဒေါ်ခင်ချောစုထံ ရှေ့နေမှတစ်ဆင့် (၂၄–၆–၂၀၂၅) ရက်နေ့တွင် လင်မယားကွာရှင်းပေးပါရန် အကြောင်းကြားခဲ့ပါသည်။

၃။ ဒေါ်ခင်ချောစုမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဒေါ်နယ်ဝင်းမြင့်ထံ မည်သို့မျှ အကြောင်းပြန်ကြားခြင်း မရှိသည့်အတွက်(၁၃–၈–၂၀၂၅) ရက်နေ့ နောက်ဆုံးထားပြီး တရားဝင် ကွာရှင်းပြတ်စဲပေးပါရန် ထပ်မံ တောင်းဆိုအပ်ပါသည်။ အကယ်၍ ဒေါ်ခင်ချောစုဘက်မှ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမျိုးညွန့်ဝင်း (စဥ်–၇၁၁၉)**
**H.G.P., LL.B., D.B.L., D.M.L, Post Graduate Dip. in Global English**
**ဒေါ်စောစန္ဒီစိမ့် (LL.B) (စဥ်–၁၇၅၂၁)၊ ဒေါ်အေးအေးမိုး (LL.B) (စဥ်–၁၇၉၄၅)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ခိုင်ခိုင်ဝေ (LL.B) အထက်တန်းရှေ့နေ(စဥ်–၄၃၅၆၈)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ အခန်း(၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၉၅၅၄၅၄၈၂၊ ၀၉–၇၅၇၉၇၄၂၃၇၊ ၀၉–၅၀၂၆၈၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၅၊ ကြေးတိုင်လမ်း၊ မြေကွက်အမှတ်(၁၃၇)၊ အကျယ်အဝန်းပေ(၄၁x၆၀)၊ ဧရိယာ(၀.၀၅၆)ဧက၊ စတုရန်းပေ(၂၄၆၀)ရှိ ဦးသိန်းအုန်း အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်–၁၃၉နှင့် ကပ်လျက် ပေ(၂၀x၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်(ရေ+မီး)အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သွင်သွင်မြတ်[၁၂/အစန(နိုင်)၀၃၅၃၃၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မျိုးမမခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၄၀၂၄)**
**အမှတ်–၄၄၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ Ph:09–975643348,09–443043490**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံ(၂၇)လမ်း၊ အမှတ် ၆၉၆/က+ခ(၂)ခန်းတွဲ ( ၆ ) ထပ်တိုက်၏ ပထမထပ် အခန်းအမှတ် $A_2$ နှင့် $B_2$ တိုက်ခန်း(၂)ခန်းသည် ဒေါ်တင်တင်မိုးရှိန်[၁၂/မရက(နိုင်)၁၂၃၈၂၁]မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ ၎င်းမှ အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာ ဖြင့် ( ၁၄ ) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝေ (စဥ်–၇၁၂၄)** **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဥ်–၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ တွံတေး–ဒလလမ်းမ၊ ကံဘဲ့ကျေးရွာ၊ ကွင်းအမှတ် – ၁၁၂၊ ကွင်းအမည် – ခပင်း၊ ဦးပိုင်အမှတ် ( ၄၄/၈ )၊ ဧရိယာ (၀.၁၁) ဧက၊ (အလျား ၁၅၀' x အနံ ၃၁' ) ခန့်အကျယ်အဝန်းရှိ မြေအမျိုးအစား – စ–၂ (R.H) ရွာမြေနှင့် ယင်းမြေ၏မြေပေါ်မြေအောက်အကျိုးခံစားခွင့်များအားလုံးကို ဒေါ်တင်တင်လှ [၁၂/တတန (နိုင်)၀၄၃၂၃၅] မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝေ (စဥ်–၇၁၂၄)** **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဥ်–၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ City Loft၊ တိုက်အမှတ် (CL–10)၊ အခန်းအမှတ် (၂၀၇)၊ အကျယ်အဝန်း (၃၁၂ စတုရန်းပေ)ရှိ (Studio) အမျိုးအစား တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးလှဌေး [၁၂/ကတတ(နိုင်)၀၁၀၃၈၀]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၂၅၀၈)**
**အမှတ်–၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၄၄၆၆၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့်အမှတ် (၃၇၁၅/၂၀၂၀)အရ ပြန်လည်နေရာချထားသည့်အုပ်စု (RA) (RA–1) အကွက်အမှတ် (တ–၀၄)၊ မြေကွက်အမှတ် (၀၁၃၄)၊ အကျယ်အဝန်း (၆၀ ပေ x ၈၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ၁။ ဒေါ်စန်းစန်းငွေ [၁၂/ကမတ(နိုင်)၀၃၀၁၁၁] ၂။ ဒေါ်နုနုယဉ် [၁၂/ကမတ(နိုင်)၀၂၈၁၀၇] တို့မှ တရားဝင် ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညီညီအောင် [၁၂/ကမရ(နိုင်)၀၃၁၆၄၉] က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)** **ဒေါ်မာလာခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ် – ၁၂၄၁၁) တရားလွှတ်တော်ရှေ့နေ (စဥ် – ၁၉၁၇၅)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၀၄၂၂၉၆**

## အမည်မှန်

သန်လျင် အထက(၂) Grade (6) မှ အဖ ဦးဝင်းကျော်၏သမီး မသီရိဒွန်၏ အမည်မှန်မှာ မသီရိတုံဖြစ်ပါကြောင်း။

**မသီရိတုံ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ ဦးပိုင်အမှတ် (၅–က)၊ ၈၀လမ်း၊ ၃၀x၃၁ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးတင်ဝင်း [၁၂/ကတတ (နိုင်)၀၀၈၇၁၈]၊ ဒေါ်မနွယ်ဇင် [၁၂/လသန (နိုင်)၀၂၀၅၈၁] တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထား လာ ပါ သည် ။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၈၇)၊ ဦးပိုင်အမှတ်(၂၂–ဆ)၊ ၈၅လမ်းx၃၀လမ်းထောင့်ရှိဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်နုနုဝင်း [၉/ခအဇ(နိုင်)၀၀၅၂၁၉]က ဘိုးဘစာအုပ် တင်ပြ၍မှတ် ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၁၁၀)၊ ဦးပိုင်အမှတ်(၉–က)၊ ၂၁x၂၂ကြား၊ ၈၉x၉၁လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးထွန်းမြင့်အောင် [၉/စကန (နိုင်)၀၄၉၀၆၁]၊ ဒေါ်ခင်မာစိန် [၉/စကန(နိုင်) ၀၄၇၃၄၆] တို့၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၃၇၂၇/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရာမစ်ကုမာရ်(ခ) ရဲမင်းထွန်း [၁/မကတ(နိုင်)၀၀၇၆၅၅]က ဘိုးဘ အမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

